# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၃၃၃)၊ ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်၊ ၂-၁၁-၂၀၂၄၊ စနေနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေးနှင့် ပြည်တွင်းဆီကြိတ်စက်များ၏ ကုန်ကြမ်းလိုအပ်ချက်အပေါ် ပံ့ပိုးပေးနိုင်ရေးကြိုးပမ်း

**နေပြည်တော် နိုဝင်ဘာ ၁**

ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေးနှင့် ပြည်တွင်းဆီကြိတ်စက်များ၏ ကုန်ကြမ်းလိုအပ်ချက်အပေါ် ပံ့ပိုးနိုင်ရေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် ရုံးအမှတ်(၁၅) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒေါက်တာချာလီသန်းနှင့် ဦးထွန်းအုံတို့က ဦးဆောင်ဆွေးနွေးကြပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများက သက်ဆိုင်ရာကဏ္ဍများအလိုက် တင်ပြဆွေးနွေးခဲ့ကြသည်။

ထိုသို့ဆွေးနွေးရာတွင် ၂၀၂၄-၂၀၂၅ ခုနှစ် စိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရန် လျာထားချက်နှင့် ယနေ့အထိ ဆီထွက်သီးနှံများ စိုက်ပျိုးပြီးစီးမှု၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မိုးမြေပဲ၊ မိုးနှမ်း၊ မိုးနေကြာသီးနှံများ စိုက်ပျိုးထားရှိမှုအခြေအနေနှင့် ယခင်နှစ် ကာလတူနှင့် နှိုင်းယှဉ်ချက်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ စာရင်းကောက်ယူရရှိသည့် တစ်နှစ်ကုန်ကြမ်းလိုအပ်ချက်အပေါ် ၂၀၂၃-၂၀၂၄ ခုနှစ် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုမှ ဒေသအလိုက် လအလိုက် ကုန်ကြမ်းပံ့ပိုးနိုင်မည့်အခြေအနေ၊ “ရာဂီ”တိုင်ဖွန်းမုန်တိုင်းကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သီးနှံများ ရေကြီးနစ်မြုပ်ပျက်စီးခဲ့မှုအခြေအနေများကို ဆွေးနွေးခဲ့ကြပြီး သက်ဆိုင်ရာဌာနများ ပူးပေါင်းပါဝင်သည့် လုပ်ငန်းအဖွဲ့များဖြင့် ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် ပြည်ပမှ စားသုံးဆီတင်သွင်းမှု လျှော့ချနိုင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



**သတင်းစဉ်**

၀-၀-၀-၀-၀

## MYANMAR FOOTBALL ACADEMIES TOURNAMENT 2024

## ပြိုင်ပွဲ နိုဝင်ဘာ ၂ ရက်နေ့ စတင်မည်

ရန်ကုန်၊ မန္တလေး၊ နေပြည်တော် အကယ်ဒမီအသင်းများ၊ ISPE အသင်းများ ပါဝင်ယှဉ်ပြိုင်မည့် MYANMAR FOOTBALL ACADEMIES TOURNAMENT 2024 ပြိုင်ပွဲကို နိုဝင်ဘာ ၂ ရက်မှ ၆ ရက်အထိ အသင်းပေါင်း ၁၀ သင်းဖြင့် ကျင်းပမည်ဖြစ်သည်။




မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် Myanmar football academies tournament ကို နှစ်စဉ်ကျင်းပလေ့ရှိပြီး စာသင်နှစ်အလိုက် အကယ်ဒမီကျောင်းသားများနှင့် နည်းပြများ၏ တိုးတက်မှုများကို စစ်ဆေးရန်၊ အကယ်ဒမီကျောင်းသားများအတွက် ပြိုင်ပွဲအတွေ့အကြုံကောင်းများရရှိရန်၊ သက်တမ်းအလိုက် လက်ရွေးစင်အသင်းများအတွက် ကစားသမားကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပြီး ယခုနှစ်တွင် အားကစားသိပ္ပံ ISPE အသင်းများလည်း ပါဝင်လာခြင်း ဖြစ်သည်။

ပြိုင်ပွဲကို အမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်)မှ နှစ်သင်း၊ မြန်မာဘောလုံး အကယ်ဒမီ(မန္တလေး)မှ သုံးသင်း၊ နေပြည်တော်အကယ်ဒမီမှ တစ်သင်း၊ ISPE(ရန်ကုန်၊ မန္တလေး၊ မုံရွာ၊ မော်လမြိုင်) အသင်းများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ရန်ကုန်မြို့ သုဝဏ္ဏလေ့ကျင့်ရေးကွင်း(၁)နှင့် (၂)တွင် တစ်နေ့ လေးပွဲနှုန်းဖြင့် ကျင်းပမည်ဖြစ်သည်။

**(NGB)**

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် နိုဝင်ဘာ ၁**

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း (၆၀) ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ်ရွာမည်။ ရွာရန်ရာနှုန်း(၈၀)ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**လာမည့် စနေ၊ တနင်္ဂနွေအားလပ်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

**မိုး/ဇလ**

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂ ရက်၊ စနေနေ့။

မန္တလေး နေ့စဉ်

# တီထွင်မှု မူပိုင်ခွင့် တရားဝင်စတင်လက်ခံ

မူပိုင်ခွင့်အကာအကွယ်ပေးသည့် စနစ်ကျင့်သုံးဆောင်ရွက်နိုင်ခြင်းဖြင့် ဆန်းသစ်တီထွင်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းမြင့်မား၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် အထောက်အပံ့ကောင်းတစ်ခုဖြစ်စေမည်ဖြစ်သည်။

ယနေ့ခေတ်သည် နည်းပညာများနှင့် ယှဉ်ပြိုင်မှုများအရှိန်အဟုန်ဖြင့် တိုးတက်လာမှုနှင့်အတူ ကမ္ဘာလုံးဆိုင်ရာဈေးကွက်စီးပွားရေးစနစ်(Global Market)ကို ကျင့်သုံးလာမှုကြောင့် မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များသည် ကဏ္ဍအသီးသီးတွင် ပိုမိုအရေးပါလာကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် မူပိုင်ခွင့်အကာအကွယ်ပေးသည့်စနစ် တည်ထောင်ခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မူပိုင်ခွင့်ဥပဒေ(၄)ရပ်အနက် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေများသည် ၂၀၂၃ ခုနှစ်တွင် အာဏာတည်ခဲ့ပြီး အဆိုပါဥပဒေများအတွက် မူပိုင်ခွင့်လျှောက်ထားခြင်းများကို လက်ခံဆောင်ရွက်လျက်ရှိကြောင်း၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေသည် ၂၀၂၄ ခုနှစ် မေ ၃၁ ရက်တွင် အာဏာတည်ခဲ့ပြီး ယနေ့တွင် တီထွင်မှု မူပိုင်ခွင့်ဥပဒေအရ တီထွင်မှုလျှောက်ထားချက်များကို တရားဝင်စတင်လက်ခံပြီဖြစ်ရာ မူပိုင်ခွင့်ဥပဒေ လေးခုလုံးကို ပြည့်ဝစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက အောက်တိုဘာ ၃၁ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ Hybrid စနစ်ဖြင့် ကျင်းပသည့် တီထွင်မှုမူပိုင်ခွင့် တရားဝင်စတင်လက်ခံခြင်း အခမ်းအနား၌ ပြောကြားခဲ့သည်။

ထို့ပြင် တာဝန်ရှိသူများက တီထွင်မှု မူပိုင်ခွင့်ဥပဒေကို အာဏာသက်ဝင်ခြင်းနှင့် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

သို့ဖြစ်ရာ တီထွင်မှုများကို အကာအကွယ်ပေးလာနိုင်ခြင်းအားဖြင့် နည်းပညာလွှဲပြောင်းရေးကို မြှင့်တင်နိုင်ခြင်း၊ တီထွင်ဆန်းသစ်မှုများ တိုးမြှင့်နိုင်ခြင်း၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေခြင်း၊ ဝင်ငွေရရှိမှုတိုးတက်နိုင်ခြင်း၊ နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုကို ဖွံ့ဖြိုးတိုးတက်စေခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း အကြိမ်(၂၀)မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး နိုဝင်ဘာ ၁**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးနှင့် ရပ်ကွက်ဘုံဆွမ်းလောင်းအသင်းတို့၏ အကြိမ်(၂၀)မြောက် ဘုံဆွမ်းလောင်းလှူပွဲကို အောက်တိုဘာ ၃၁ ရက် နံနက် ၅ နာရီခွဲက သိပ္ပံလမ်းနှင့် ၆၈လမ်းထောင့်တွင် ကျင်းပသည်။ **(ယာပုံ)**

ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်လေးရပ်မှ ကြွရောက်တော်မူလာကြသော သံဃာတော်နှင့် သာမဏေ အပါး ၃၅၀ ကျော်တို့အား ဆွမ်း၊ ဝက်သားဟင်း၊ ကုလားပဲနှပ်၊ သရက်ချဉ်သုပ်၊ ဆပ်ပြာမှုန့်ထုပ်နှင့် သံဃာတော်နှင့် သာမဏေတစ်ပါးလျှင် နဝကမ္မဝတ္ထုငွေကျပ် ၁၀၀၀ စီကို လောင်းလှူကြပြီး သင်္ကန်းဒွိစုံ ငါးစုံနှင့် နဝကမ္မဝတ္ထုငွေကျပ် ၇၅၀၀၀ တို့ကို စာရေးတံမဲဖောက်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးနေမင်းဦးနှင့် ဇနီး ဒေါ်ယုယုဇော်မိသားစု၊ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများနှင့် ဘုံဆွမ်းလောင်းအသင်းဝင်များက လောင်းလှူခဲ့ကြောင်း သိရသည်။ **(ဝ၄ဝ)**



## ပုသိမ်ကြီးမြို့နယ် သမဝါယမအသင်းသားများ၏ မိုးဝါအောင်မြင်ဖြစ်ထွန်းမှုများအား ကွင်းဆင်းကြည့်ရှု



**ပုသိမ်ကြီး နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦးနှင့် တာဝန်ရှိသူများသည် ပုသိမ်ကြီးမြို့နယ်၊ ရုံးသာကျေးရွာ၊ ရုံးသာစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း၊ အသင်းသားတောင်သူများ၏ မိုးဝါစိုက်ပျိုးထားရှိ အခြေအနေများကို ယနေ့ မွန်းလွဲ ၁ နာရီက မြို့နယ်တာဝန်ရှိသူများနှင့် အတူ ကွင်းဆင်းကြည့်ရှုကြသည်။

ရုံးသာစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း၊ အသင်းသားတောင်သူ ၂၆ ဦး၏ မိုးဝါစိုက်ဧက ၇၅ ဧကအား မြို့နယ်သမဝါယမ အသင်းပိုင်ငွေဖြင့် သွင်းအားစုမြေဩဇာများ ပံ့ပိုးပေးထားသော မိုးဝါစိုက်ပျိုးထားရှိမှုများ အောင်မြင်ဖြစ်ထွန်းမှုအပေါ် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)** **(ဝ၉၅)**

**နယ်သတင်းများ Onlineမှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @ gmail. com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်၊ **(မန္တလေးနေ့စဉ်)**

## မန္တလေးတွင် ပဲဆီ၊ နှမ်းဆီများကို သက်သာသောနှုန်းဖြင့် ရောင်းချမည့် ဈေးရောင်းပွဲတွင် မည်သူမဆို လာရောက်ဝယ်ယူနိုင်

**မန္တလေး နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI)နှင့် မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း(MEOMA)တို့ ပူးပေါင်း၍ ပဲဆီ၊ နှမ်းဆီဈေးရောင်းပွဲကို မန္တလေး၊ ၇၈လမ်းနှင့် ၃၄လမ်းထောင့်၊ ရတနာပုံစင်တာရှေ့တွင် နိုဝင်ဘာ ၂ ရက်နှင့် ၃ ရက်နေ့များတွင် ပြုလုပ်မည်ဖြစ်ရာ မည်သူမဆို ဝယ်ယူနိုင်ကြောင်း သိရသည်။

ပြည်တွင်း၌ စားအုန်းဆီနေရာတွင် ပဲဆီ၊ နှမ်းဆီများ စားသုံးသည့် အလေ့အထဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ပဲဆီ၊နှမ်းဆီ အစစ်များကို တန်ဆောင်တိုင်ပွဲတော်အကြို ရောင်းချသည့် ဈေးရောင်းပွဲဖြစ်သည်ဟု MEOMA မှ တာဝန်ရှိသူက ပြောသည်။

''ပဲဆီ နှမ်းဆီ အစစ်တွေကို အာမခံအပြည့်နဲ့ ရောင်းပေးမှာပါ။ မန္တလေးတိုင်းဒေသကြီးက ဆီစက် ၁၁ ခုက တံဆိပ် ၁၁ မျိုးကို အပြင်ပေါက်ဈေးထက် သက်သာတဲ့ နှုန်းထားနဲ့ ရောင်းမှာဖြစ်ပါတယ်။ အဲဒီရက် ၂ ရက်မှာ ပိဿာချိန်ဘယ်လောက် ရောင်းမယ်ဆိုတာ သတ်မှတ်ထားတာ မရှိပါဘူး။ မန္တလေးမှာ ရောင်းချတာပြီးရင် ရန်ကုန်မှာလည်း ရောင်းချသွားမယ်''ဟု ၎င်းက ပြောသည်။

ပဲဆီ၊ နှမ်းဆီစစ်ကြောင်း အာမခံအပြည့်ဖြင့် ရောင်းချပေးမှာဖြစ်ပြီး ပုံးပါ၊ ဘူးပါ ရောင်းချမည့် တစ်ပိဿာဈေးနှုန်းများမှာ ပဲဆီ ၁၆၀၀၀ ကျပ်၊ နှမ်းဆီ ၁၅၀၀၀ ကျပ်တို့ဖြစ်ပြီး ရောင်းချမည့်သူများဘက်မှ လိုက်နာရမည့် စည်းကမ်းများ သတ်မှတ်ထားရာ အကောင်းဆုံးအရည်အသွေးကုန်ကြမ်းကို အသုံးပြုသည့် ဆီများဖြစ်ရန်၊ ပြဿနာဖြစ်ပေါ်လာပါက ရောင်းချသည့်စက်မှ တာဝန်ယူပေးရန်၊ ဝယ်လိုသူ တောင်းဆိုသမျှ ရောင်းချပေးနိုင်ရန် စသည်တို့ဖြစ်ကြောင်း သိရသည်။

''စားအုန်းဆီကိုပဲ စားနေကြတဲ့ အလေ့အကျင့်ကို ဖြည်းဖြည်းချင်း လျှော့ကျသွားပြီး ပဲဆီ နှမ်းဆီစားသုံးတဲ့ အလေ့အထရှိလာအောင် အကျိုးအမြတ်မယူဘဲ ရောင်းတဲ့ ဈေးရောင်းပွဲပါ။ ရောင်းချတဲ့နေရာ မလာနိုင်ရင်လည်း ဖုန်းဆက်ပြီး ဝယ်လို့ရပါတယ်။ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းအနေနဲ့ စစ်ကိုင်းနဲ့ မကွေးမှာ လုပ်ခဲ့ပြီးဖြစ်တော့ မန္တလေးမှာ လုပ်တာက တတိယအကြိမ်မြောက်ဖြစ်ပါတယ်''ဟု ၎င်းက ဆက်လက်ပြောကြားသည်။



လာမည့် ၂၀၂၅ ခုနှစ်တွင် ပြည်ပမှ စားအုန်းဆီတင်သွင်းခြင်းကို လျှော့ချသွားမည်ဖြစ်၍ ပြည်တွင်း၌ ပဲဆီ၊ နှမ်းဆီ စားသုံးသည့် အလေ့အထရရှိလာစေရေးအတွက် ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ပထမအကြိမ်တွင် ဆီပိဿာချိန် ၁၃၀၀၀ ကျော်၊ ဒုတိယအကြိမ်တွင် ပိဿာချိန် ၆၅၀၀၀ ကျော် ရောင်းချခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၉)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများကို ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်နိုင်ခဲ့သည့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ ပထမဆုရရှိသူများ၏ ယှဉ်ပြိုင်ခဲ့မှုမှတ်တမ်း



မယ်ဒလင်အတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသမီး)၌ ပထမဆုရရှိသည့် မွန်ပြည်နယ်မှ မနန်းသူဇာ "ပန်းဟေဝန်"(ယိုးဒယား) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



ဒိုးပတ်အတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသား အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ဖြိုးသူရနှင့်အဖွဲ့ တီးခတ်ယှဉ်ပြိုင်ဟန်။



ပတ္တလားအတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသမီး)၌ ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးမှ မနန့်ကေသီ "လျှပ်ပန်းခွေနွဲ့" (ယိုးဒယား) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။



ဂီတာအတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသမီး)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မထက်လင်းရွှေဘို "ဖူးပွေ့လက်တင်"(ဘောလယ်) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



တယောအတီးပြိုင်ပွဲ ဝါသနာရှင် အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး)၌ ပထမဆုရရှိသည့် ကယားပြည်နယ်မှ မဇင်မင်းမင်းအေး "နန်းဘုံ သီဟာဇွေ" (ယိုးဒယား)သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



ပလွေအတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးပြည့်စုံ "ယမုံနာ" (ပတ်ပျိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



ဂီတာအတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဦးသန်းအောင်က "ခန်းတွင်းရိပ်သာ"(ကြိုး) သီချင်းဖြင့် ဤသို့ ရသမြောက်စွာ တီးခတ်ယှဉ်ပြိုင်ခဲ့သည်။




ပတ္တလားအတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် မွန်ပြည်နယ်မှ မောင်ကျော်ကျော်လင်း (ခ) ပတ္တမြားကုလား "ရိရိဆိုင်းဆိုင်း"(ကြိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်ဟန်။




နှဲအတီးပြိုင်ပွဲ ဝါသနာရှင် အဆင့်မြင့်ပညာအဆင့် (အမျိုးသား)၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မောင်ကောင်းခန့်ဇော် "မှိုင်းရိပ်ကယ်တည့်" (ကြိုး) သီချင်းဖြင့် တီးမှုတ်ယှဉ်ပြိုင်စဉ်။




ဂီတာအတီးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသမီး)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ဝေလွင်သိန်း "မန္တလာဘုံ" (ဘွဲ့) သီချင်းဖြင့် ဤသို့ တီးခတ်ယှဉ်ပြိုင်ခဲ့သည်။




ပတ္တလားအတီးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသမီး)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ခိုင်ဇာဝင်းဗိုလ် "ခိုင်ပန်းစုံ" (ထပ်တွန့် ယိုးဒယား) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




မယ်ဒလင်အတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီးမှ ဦးစည်သူဟိန်း "အတိုင်းမသိ" (ဘွဲ့) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။




တယောအတီးပြိုင်ပွဲ ဝါသနာရှင် အဆင့်မြင့်ပညာအဆင့် (အမျိုးသား)၌ ပထမဆုရရှိသည့် ကယားပြည်နယ်မှ မောင်စိုးသူ "ကျွန်းကျွန်းပိုင်သ" (ကြိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။

# အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

**မိတ္ထီလာ နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံကြီး၏ သွေးလှူဌာန၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ ၏ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ သွေးလှူဒါန်းပွဲတွင် ပါဝင်သွေးလှူဒါန်းကြသည့် ဝန်ထမ်း ၄၁ ဦးအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုး၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းသင်းခိုင်၊ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမင်းသီရိနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေးတို့က ကြည့်ရှုအားပေးကြပြီး သွေးလှူဒါန်းကြသည့် ဝန်ထမ်းများအား နွားနို့၊ ကြက်ဥ၊ ငှက်ပျောသီးနှင့် ထမင်းဘူးများ ပေးအပ်ခဲ့ကြောင်းသိရသည်။

(အောက်ပုံ)(၄၅၃)




# ထိခိုက်ပျက်စီးထားသော မြေမှ စိုက်ပျိုးထွက်ရှိသည့် ပြောင်းဆံများ ထိုင်းနိုင်ငံ(CP)အုပ်စုမှ ဝယ်ယူမည် မဟုတ်ဟု ဆို

ထိုင်းနိုင်ငံ(CP)အုပ်စုသည် မြန်မာနိုင်ငံမှ ထိခိုက်ပျက်စီးထားသော မြေနှင့် တောင်ယာမီးရှို့ခြင်း (သို့မဟုတ်)သစ်တောပြုန်းတီးမှု ဒဏ်ခံရသည့် ဒေသများမှ ထွက်ရှိသော တိရစ္ဆာန်အစာ ပြောင်းဆံများကို ဝယ်ယူခြင်းမပြုတော့ဟု မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းရှင်များအသင်းမှ သိရသည်။



ထိခိုက်ပျက်စီးမြေနေရာများတွင် စိုက်ပျိုးသည့် တိရစ္ဆာန်အစာ ပြောင်းဆံဝယ်ယူခြင်း၊ တင်သွင်းခြင်းမပြုရေးဟူသော CP အုပ်စု၏ မူဝါဒကို အားဖြည့်ရာရောက်ပြီး ခြေရာခံစနစ် အသုံးပြုသွားမည်ဟု ဆိုသည်။

''ထိုင်း-မြန်မာ ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းအရ ဖြစ်ပါတယ်။ တိရစ္ဆာန်အစာ ပြောင်းဆံတွေအတွက် ခြေရာခံစနစ်ကို အကောင်အထည်ဖော် သွားဖို့ရှိပါတယ်။ ခြေရာခံစနစ်က မြန်မာ့ပြောင်းလုပ်ငန်းမှာ ပွင့်လင်းမြင်သာမှုနဲ့ ရေရှည်တည်တံ့ရေးမှာ အရေးပါတဲ့ ခြေလှမ်းတစ်ရပ်လို့ ပြောနိုင်ပါတယ်''ဌင်းအသင်းဝင်တစ်ဦးက ပြောသည်။

ခြေရာခံစနစ်ကို ထုတ်လုပ်သူများ၊ မိတ်ဖက်အဖွဲ့များနှင့် ထောက်ပံ့ရေး ကွင်းဆက်တစ်လျှောက် သက်ဆိုင်ရာ အဖွဲ့အစည်းများထံမှ ရရှိနိုင်မည်ဖြစ်ကြောင်း၊ Charoen Pokphand Group(CP)၊ Charoen Pokphand Produce(CPP)၊ Bangkok Produce(BKP) တို့က မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းရှင်များအသင်းနှင့် ပူးပေါင်းအကောင်အထည်ဖော်မည်ဖြစ်ကြောင်း သိရသည်။ (အပေါ်ပုံ)

''ဒီစနစ်က ဝယ်သူတွေဆီ ပြောင်းအထွက်နှုန်းပွင့်လင်းမြင်သာမှုကို ရှင်းရှင်းလင်းလင်းတင်ပြနိုင်ဖို့ အခွင့်အလမ်းကောင်းတစ်ခုဖြစ်ပြီး ပြည်တွင်း၊ ပြည်ပမှာ ဈေးကွက်ယုံကြည်မှု တိုးလာမယ်'' ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်းသည် ၂၀၂၄-၂၀၂၅၊ ယခုဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလကုန်ထိ ပြောင်းတန်ချိန် ၂ ဒသမ ၅၄သိန်းကျော်ကို ပြည်ပသို့ တင်ပို့ခဲ့ရာ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၆၀ကျော် ရရှိခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၉)

# ရွှေအရောင်းအဝယ်နှင့်ပတ်သက်၍ လိုင်စင်ပြုလုပ်ရန်နှင့် သတ်မှတ်စည်းကမ်းချက်များ လိုက်နာရန် လိုအပ်

**မန္တလေး နိုဝင်ဘာ ၁**

ရွှေရောင်းချသူများအနေဖြင့် လုပ်ငန်းလုပ်ကိုင်ရာတွင် လုပ်ငန်းလိုင်စင်လျှောက်ထားရန်နှင့် သတ်မှတ်စည်းကမ်းများ မလိုက်နာပါက အရေးယူမှု ပြုလုပ်သွားမည်ဟု သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက အသိပေးထားသည်။

ဓာတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုအဖြစ် သတ်မှတ်ထားသဖြင့် အမိန့်၊ ညွှန်ကြားချက်များလိုက်နာခြင်းမရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၅အရ အရေးယူခံရမည်ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

''လုပ်ငန်းလိုင်စင်ရှိမှ ရွှေအရောင်းအဝယ်ကိစ္စတွေ လုပ်ကိုင်ခွင့်ရှိပါတယ်။ ရွှေလက်ဝတ်ရတနာ၊ ရွှေနဲ့လုပ်တဲ့ အနုပညာပစ္စည်း၊ အသုံးအဆောင်တွေကို ဈေးကွက် မတည်မငြိမ်အောင် ရည်ရွယ်ချက်နဲ့ သိုလှောင်တာ၊ ရောင်းဝယ်တာ မလုပ်ရပါဘူး။ လက်ရောက် ရွှေလွှဲပြောင်းခြင်းနဲ့ ခွင့်ပြုထားတဲ့ ဝယ်တာ ရောင်းတာနည်းလမ်းတွေကလွဲရင် ကြိုရောင်း၊ ကြိုဝယ်တာမျိုးတွေ၊ တရားမဝင်ရောင်းဝယ်တာတွေ တားမြစ်ထားပါတယ်''ဟု ၎င်းကပြောသည်။

ဓာတ်သတ္တု(ရွှေ)နှင့် ပတ်သက်ပြီး ရောင်းဝယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများအတွက် လိုင်စင်လျှောက်ထားပြီးမှ လုပ်ငန်းလုပ်ကိုင်ရန် သတ်မှတ်စည်းကမ်းများ လိုက်နာရန်၊ ရွှေဈေးကွက် မတည်ငြိမ်အောင် ရည်ရွယ်လုပ်ဆောင်ခြင်းမပြုရန်၊ မရိုးဖြောင့်သည့်သဘောဖြင့် ကံစမ်းမဲပေးပြီး ဈေးနှုန်းတက်နိုင်သည့် အလားသဏ္ဍာန်ဆောင်သော နည်းလမ်းများနှင့် ရောင်းဝယ်ခြင်းလည်း မပြုရန်လည်း အသိပေးထားကြောင်း သိရသည်။ (ဝဲပုံ)



(မန္တလေးနေ့စဉ်-၉)

# ငဖဲမြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေး Book Club အဖွဲ့ စာဖတ်ဝိုင်းဆောင်ရွက်

**ငဖဲ နိုဝင်ဘာ ၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ပြည်သူ့စာကြည့်တိုက်ခန်းမတွင် စာဖတ်ရှိန်မြှင့်တင်ရေး Book Club အဖွဲ့နှင့်ပူးပေါင်း၍ ယနေ့နံနက် ၉ နာရီအချိန်က စာရေးဆရာ အောင်သင်းရေးသားသော နှလုံးသားကို လေးပေါ်တင်၍ ပစ်သောအခါ စာအုပ်ကို စာဖတ်ဝိုင်းကျင်းပဆောင်ရွက်ခဲ့သည်။

စာဖတ်ဝိုင်းတွင် ငဖဲမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယုယုသိန်းက စာဖတ်သည့်အလေ့အထဖြစ်ပေါ်စေရန်၊ စာဖတ်ရှိန်မြှင့်တင်ရန်နှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို သိရှိပြီး စာပေဖတ်ရှု၍ ပြန်လည်ဆွေးနွေးတတ်သည့် အလေ့အကျင့် ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ စာဖတ်ဝိုင်း ကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားပြီး တက်ရောက်လာသည့် Book Club အဖွဲ့ဝင် ဦးညီညီ က စာရေးဆရာအောင်သင်းရေးသားသော နှလုံးသားကိုလေးပေါ်တင်၍ပစ်သောအခါ စာအုပ်မှ စာတတ်ဖို့ စာဖတ်ဖို့ ဆောင်းပါးပါ ကျောင်းသား၊ကျောင်းသူများအနေဖြင့် ပညာသင်သည်ဆိုသည်မှာ ပညာတတ်ဖို့သာလျှင် ပဓာနဖြစ်ကြောင်း၊ စာတတ်ပြီးသောကျောင်းသားများအနေဖြင့် စာဖတ်ဝါသနာပါလာအောင် ဆရာ၊ဆရာမများက လေ့ကျင့်ပျိုးထောင်ပေးရန်နှင့် ကျောင်းစာကြည့်တိုက်များထားရှိပေးခြင်းအားဖြင့် စာဖတ်ခြင်း၏ ကျေးဇူးအရသာကို သိလာကြလျက် ကျောင်းသားတို့၏ အားကိုးရာ၊ ဆရာတို့၏ အားကိုးရာ လူချွန်လူကောင်းများ မွေးထုတ်ရာဌာနကြီးဖြစ်လာမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ Book Club အဖွဲ့ဝင် ဒေါ်သန္တာအောင်က လူငယ်နှင့်သည်းခံမှု ဆောင်းပါးပါ လူငယ်များအနေဖြင့် ကြီးပွားအောင်မြင်လိုပါက လူအများနှင့် ပေါင်းသင်းဆက်ဆံရာတွင် ထိုက်သင့်သလောက်သည်းခံ နိုင်စွမ်းထားရှိရမည်ဖြစ်ကြောင်း စသည်တို့ကို ထုတ်နုတ်ဖတ်ကြားဆွေးနွေး၍ ကျန်ရှိသည့် အဖွဲ့ဝင်များက စာပေဗဟုသုတအမြင်ခြင်း အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မယု(ငဖဲ)

# ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော

**တမူး နိုဝင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလူထုအခြေပြုဗဟိုဌာနတွင် ယမန်နေ့ မွန်းလွဲပိုင်းက ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေး ဟောပြောပွဲ ကျင်းပပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် တမူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်မာမာဝင်းက ကလေးအလုပ်သမားဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ၊ ဥပဒေပါ ကလေးအလုပ်သမားဆိုင်ရာ အသက်အရွယ် ကန့်သတ်ချက်များ၊ အဆိုးဝါးဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်း၊ အဓမ္မအလုပ်ခိုင်းစေမှုဆိုင်ရာ အဓိပ္ပာယ်ဖော်ပြချက်များ၊ ကလေးအလုပ်သမားဖြစ်ပေါ်စေသည့် အကြောင်းအရာများ၊ ကလေးအလုပ်သမားအဖြစ်ခိုင်းစေမှုများ လျှော့နည်းပပျောက်စေရန် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ဥပဒေအရ တရားဝင်အလုပ်လုပ်ကိုင်ခွင့်ရှိသည့် ကလေးအလုပ်သမားများအား ဥပဒေနှင့်အညီ ထိရောက်စွာ အကာအကွယ်ပေးရန် အချက်များစသည်တို့ကို အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများမှ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ပြသထားသည့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ် စာစောင်များကို စိတ်ဝင်တစား လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)မြို့နယ်(ပြန်/ဆက်)



# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## အားလပ်ရက်၌ လေ့ကျင့်ခန်းပြုလုပ်ခြင်းကြောင့် မှတ်ဉာဏ်ချို့ယွင်း နိုင်ခြေကို လျှော့ချနိုင်မည်

လေ့ကျင့်ခန်းပြုလုပ်ခြင်းကြောင့် ကိုယ်လက်အင်္ဂါအစိတ်အပိုင်းများကို လှုပ်ရှားလာပြီး ကိုယ်ခန္ဓာတစ်ခုလုံးရှိ သွေးလေလည်ပတ်စီးဆင်းမှု သွက်လက်မြန်ဆန်လာရာမှ တစ်ကိုယ်ရည်ကျန်းမာရေး ပိုမိုကောင်းမွန်စေနိုင်သည်။

ယနေ့ခေတ်တွင် ကျန်းမာရေးလိုက်စားသူ အရေအတွက်များလာရာမှ အထူးသဖြင့် မြို့ပြများတွင် လမ်းလျှောက်ခြင်း၊ ရှရှပြေးခြင်းစသည့် လေ့ကျင့်ခန်းများကို တိုးမြှင့်ပြုလုပ်လာကြသည်။

ထိုလေ့ကျင့်ခန်းများကို နေ့စဉ်ပြုလုပ်သူများရှိသကဲ့သို့ စနေ၊ တနင်္ဂနွေ အားလပ်ရက်ရောက်မှ ပြုလုပ်သူများလည်း ရှိကြသည်။

စင်စစ်တွင် လူတိုင်းနေ့စဉ် လေ့ကျင့်ခန်းပြုလုပ်ရန် မလိုအပ်ဘဲ စနေ၊ တနင်္ဂနွေရောက်မှ တစ်ရက်ရက်ဖြစ်စေ၊ နှစ်ရက်စလုံးဖြစ်စေ ပြုလုပ်နိုင်ကြောင်း မက္ကဆီကိုနိုင်ငံမှ သုတေသီများ မကြာသေးမီက အကြံပြုခဲ့သည်။

ယင်းအားလပ်ရက် လေ့ကျင့်ခန်း ပြုလုပ်ခြင်းကြောင့် မှတ်ဉာဏ်ချွတ်ယွင်းနိုင်ခြေကို လျှော့ချနိုင်မည်ဖြစ်ကြောင်း သိရသည်။

SCI

## Akshay Kumar က Yoga ကျင့်စဉ်နှင့် ကျန်းမာရေးကို ထိန်းညှိထား




ဘောလိဝုဒ်တွင် ကျန်းမာရေး အကောင်းဆုံးအနုပညာရှင် Aksha-y Kumarက အရက်၊ ဆေးလိပ် ရှောင်၍ ပါတီမတက်ဘဲ စောစော အိပ်၊ စောစောထပြီး သက်သတ်လွတ်စားကာ ယောဂကျင့်စဉ်နှင့် ကိုယ်ခန္ဓာကျန်းမာရေးကို ထိန်းညှိထားခြင်းမှာ ပရိသတ်များအတွက်ဖြစ်သည်ဟု အင်တာဗျူးတစ်ခုတွင် ပြောကြားသွားသည်။

Akshay Kumar မှာ ပန်ချာပီလူမျိုးဖြစ်ပြီး မွေးချင်းအစ်မတစ်ဦးရှိကာ ဖခင်ကအရာရှိဖြစ်ပြီး ငယ်စဉ်ကပင် ကိုယ်ခံပညာသင်၍ တိုက်ကွမ်ဒိုခါးပတ်နက်၊ မွေ့ထိုင်းကြေးစားအဆင့် အထိ တက္ကသိုလ်ဒုတိယနှစ်တွင် ထွက်ပြီးငွေရှာခဲ့သည်။ အရုပ်ရှည်၍ မော်ဒယ်လ်လုပ်၊ ရုပ်ရှင်အောက်ခြေသိမ်းဘဝမှ ဘောလိဝုဒ်ထိပ်တန်းမင်းသားဖြစ်လာခဲ့ကာ နှစ်ပေါင်း ၃၀ကြာ ရုပ်ရှင် ၁၆ ကား အရှုံးပေါ်ခဲ့သည်။

Akshay နာမည်ကြီးဆုံးမှာ ချစ်သူများ၍ဖြစ်ပြီး မော်ဒယ်လ်၊ မင်းသမီးရှစ်ယောက်နှင့်တွဲခဲ့ကာ လက်ရှိ အသက်(၅၇)နှစ်ပြည့်ပြီး ဖြစ်ပြီး အချိန်တိကျမှုရှိသူဖြစ်၍ ထုတ်လုပ်သူများနှင့်ဆက်လက်တွဲထားကာ ကျန်းမာရေးနှင့်ကိုယ်ခန္ဓာကိုနေ့စဉ်ယောဂကျင့်စဉ်ပြုလုပ်၍ ထိန်းထားခြင်းဖြစ်ပြီး ပရိသတ်အတွက်ဟု Akshay Kumar က ပြောကြားသွားသည်။

SKY

## RM ၏ Right People Wrong Place ကို(၂၉)ကြိမ်မြောက် ဘူဆန်ရုပ်ရှင်ပွဲတော်တွင် ပြသ



ဘီတီအက်အဖွဲ့ခေါင်းဆောင် အာရ်အမ် ခေါ် ကင်နမ်ဂျွန်၏ Right People Wrong Place မှတ်တမ်းရုပ်ရှင်ကို ၂၉ကြိမ်မြောက် ဘူဆန် အပြည်ပြည်ဆိုင်ရာ ရုပ်ရှင်ပွဲတော်တွင် ပြသမည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါပွဲတော်ကို အောက်တိုဘာ ၂ရက်မှ ၁၁ရက်နေ့အထိ ကျင်းပမည်ဖြစ်ရာ အာရ်အမ်က လာရောက်ကြည့်ရှုသူများအတွက် စိတ်ပူ၍ အမှာစကား ပြောကြားထားသည်။

အာရ်အမ်က လာရောက်ကြည့်ရှုမည့် ပရိသတ်ကို တစ်နေ့လုံး မိုးရွာ၍ အေးမည်ဖြစ်သဖြင့် နွေးထွေးစွာ ဝတ်ဆင်လာရန်နှင့် အမာခံပရိသတ်များကို လွမ်းနေကြောင်း မနှစ်က ဒါရိုက်တာ ဆောဂျွန်နှင့် တစ်နှစ်ပတ်လုံးအတူ သွားလာရိုက်ကူးထားခြင်းဖြစ်ကာ (မပြသဖြစ်လိုက်တာလည်း ဖြစ်နိုင်သလို) ကျေးဇူးပြု၍ ကောင်းစွာကြည့်ရှုရန်နှင့် အအေး မမိအောင် သတိထားပါ။ နေ့စဉ် ဒိုင်ယာရီရေး၍ သင်တန်းတွင် အကောင်းဆုံးလုပ်နေပြီး ပြန်လာလျှင် စကားအများကြီး ပြောချင်သေးသည်။ အားလုံးကိုလွမ်းသည်ဟု စာစကားပါးပေးထားသည်။

SKY

## Shiloh Jolie Pitt မိခင်နှင့်ဖခင်အမွေဆက်ခံ၍ အနုပညာသင်တန်း တက်ရောက်ခဲ့

ကမ္ဘာကျော်စုံတွဲဖြစ်ခဲ့သည့် အင်ဂျလီနာဂျိုလီနှင့် ဘရက်ပစ်တို့၏ သမီးလေးShiloh Jolie Pitt (ဖခင်နာမည်ဖယ်ရှားထား)သည် မိဘအမွေဆက်ခံ၍ အနုပညာသင်တန်းများ တက်ရောက်နေသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြခဲ့သည်။

Shiloh Jolie Pittသည် အသက်(၁၈)နှစ်ရှိပြီး ယောကျ်ားလေးဆန်ဆန် ပြုမူနေထိုင်တတ်ကာ၊ ပွဲတက်လျှင် သူနှစ်သက်ရာ ရွေးချယ်ဝတ်ဆင်တတ်သည်ဟု မိခင်က ပြောကြားခဲ့သည်။

မိဘနှစ်ပါးကွာရှင်းပြီး ဖခင်အမည်ဖြုတ်ခဲ့ကာ ငယ်စဉ်က အနုပညာဝါသနာပါ၍ အဆို၊ အကနှင့် အနုပညာသင်တန်းများ တက်ရောက်နေပြီး၊ ယခင်က ဖခင်ဇာတ်ကားနောက်ခံသံများတွင် ပါဝင်ခဲ့ကာ၊ လက်ရှိမိခင်အတွက်လိုအပ်သည့် ဇာတ်ညွှန်းပိုင်းများကို ကူညီပေး၍ မကြာမီ အနုပညာရှင် ဖြစ်လာတော့မည်ဖြစ်သည်။

SKY



## Anya Taylor Joy က Frozen တွင် Elsa နေရာပါဝင်ချင်သည်ဟု ဆို

၂၀၂၄ခုနှစ်တွင် ထွက်ရှိသည့် ဒါရိုက်တာဂျော့မီလာ၏ Furiosa: Amad Max Story တွင် ပါဝင်ခဲ့သည့် Anya Taylor Joyက Frozen ဇာတ်ကားများကို ကြိုက်နှစ်သက်ပြီး အီလီဆာနေရာက သရုပ်ဆောင်လိုသည်ဟု Vogue Hong Kong အင်တာဗျူးတွင် ပြောကြားထားသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဒစ်စနေးရုပ်ရှင်ကားများတွင် ပါဝင်ခွင့်ရမည်ဆိုလျှင် Frozen ကို Live Action ရိုက်လျှင် အီလီဆာနေရာမှ ပါဝင်ချင်ကြောင်း Musical ဇာတ်ကားတစ်ကားတွင် ပါဝင်ခွင့်ရချင်သည်ဟုဆိုသည်။

ပထမဆုံး Frozenကို ၂၀၁၃ ခုနှစ်တွင် ထုတ်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ဒုတိယကား ၂၀၂၆ခုနှစ်တွင် တတိယကား ထွက်ရှိလာနိုင်ပြီး ဒိန်းမတ်စာရေးဆရာ ဟန့်ခရစ္စတိန် အန်ဒါဆင် ၏ စိတ်ကူးပုံဖော်မှုဖြစ်ကာ ညီမနှစ်ဦးဖြစ်သည့် Elsa နှင့် Anna တို့ကို ကြိုက်နှစ်သက်ခဲ့ဆိုသူဖြစ်၍ နေရာမှ ပါဝင်သရုပ်ဆောင်ချင်သည်ဟု အန်ယာတေလာဂျိုင်က ပြောကြားသွားသည်။

SKY

## Lady Gaga က လက်ရှိတေးရေး၊ တေးဆို အနုပညာရှင် အမျိုးသမီးများကို ချစ်ခင်သည်ဟု ဆို



ကမ္ဘာကျော်ဂီတအနုပညာရှင် Lady Gaga က လက်ရှိတေးရေး တေးဆိုနှင့် အောင်မြင်နေသော အမျိုးသမီးအနုပညာရှင်များကို ချစ်ခင်ကြောင်းနှင့် အားပေးချီးကျူးပေးရမည်ဟု ပြောကြားထားသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Lady Gaga က လက်ရှိ တေးရေးတေးဆိုများနှင့် ပတ်သက်၍ ပြောကြားခဲ့ရာတွင် တေလာဆွစ်ကို ချစ်သကဲ့သို့ ကီရှာကိုလည်းချစ်ကာ၊ ချာလီအိပ်စ်စီအိပ်စ်၊ ချာပယ်ရိုအန်၊ ဘီလီအင်္ဂလိပ်ရှိ စသည့်ဂီတလောကထဲမှ အမျိုးသမီးတေးရေးတေးဆိုအားလုံးကိုချစ်ပြီး အမျိုးသမီးအချင်းချင်း ချီးကျူးပေးရမည်ဟု ဆိုသည်။

ဟောလိဝုဒ်ဂီတလောကတွင် ရှုပ်ထွေးပွေလီမှု များပြားသော်လည်း တေးရေးတေးဆို အနုပညာရှင်အမျိုးသမီးများကို ချစ်ခင်စွာနှင့် ဂုဏ်ပြုချီးကျူးစကားကို Lady Gagaက တခုတ်တရ ပြောကြားသွားခဲ့သည်။ SKY

## Singham 3 ရုပ်ရှင်ကား နိုဝင်ဘာတွင် ပြသမည်

ဘောလိဝုဒ် ထိပ်တန်းမင်းသမီး နှစ်လက်ဖြစ်သည့် ကရီနာကပူးလ်နှင့် ဒီပီကာပါဒူဝမ်တို့ ပါဝင် ထားသည့် Singham 3 နိုဝင်ဘာ ၁ရက်တွင် ပြသမည်ဟု ကြေညာထားကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်တွင် ကရီနာကပူးလ် ပြန်ပေးဆွဲခံရပြီး ခင်ပွန်းအဂျေးနှင့် ဒီပီကာပါဒူဝမ်တို့က ကယ်တင်ရမည့်မစ်ရှင်ဖြစ်ကာ ဒီပီကာပါဒူဝမ်က ရဲအရာရှိအဖြစ် သရုပ်ဆောင်ထားသည်။




ဒီပီကာပါဒူဝမ် ပါဝင်ထားသည့် Pathaan Jawan Fighter နှင့် Kalki တို့ ရုပ်ရှင်ကားများကဲ့သို့ Singham3လည်း အောင်မြင်မှုများစွာရရှိလိမ့်မည်ဟု အနုပညာလောက ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ထုတ်ဖော်ပြောကြားသွားသည်။

SKY

## မဲပေးရန်မှတ်ပုံတင်ထားသူများအတွက် ကံစမ်းမဲဖောက်ပေးခြင်းကို အီလွန်မတ်စ်ဆက်လက်လုပ်ဆောင်ရန် တရားသူကြီးခွင့်ပြု



**ဝါရှင်တန် နိုဝင်ဘာ ၁**

မဲပေးရန်မှတ်ပုံတင်ထားသူများအတွက် ကံစမ်းမဲဖောက်ပေးခြင်းကို အီလွန်မတ်စ် ဆက်လက်လုပ်ဆောင်ရန် ပင်ဆယ်လ်ဗေးနီးယားတရားရုံးမှ တရားသူကြီး အန်ဂျယ်လိုဖိုဂလီယက်တာက အောက်တိုဘာ ၃၁ ရက်တွင် ခွင့်ပြုလိုက်ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

ဖီလာဒဲလ်ဖီးယားတရားရုံးသို့ လာရောက်ပြီး စစ်ဆေးကြားနာမှုခံယူရန် ဆင့်ခေါ်ခဲ့သော်လည်း အီလွန်မတ်စ် လာရောက်ရန်ပျက်ကွက်ခဲ့ကြောင်း မှတ်တမ်းတင်ပြီးနောက် အဆိုပါပြည်နယ်တရားသူကြီးက အီလွန်မတ်စ်ကို ဆက်လက်လုပ်ဆောင်စေကာ ပြည်ထောင်စုတရားရုံးသို့ အမှုအခြေအနေကို အစီရင်ခံတင်ပြခဲ့သည်။

ပြည်ထောင်စုတရားရုံးက ညွှန်ကြားသည့်အတိုင်း အဆိုပါတရားရုံးအဆင့်ဆင့်က သမ္မတရွေးကောက်ပွဲပြီးမှသာ အီလွန်မတ်စ်ကို စစ်ဆေးကြားနာဖွယ်ရှိမည်ဟု ဆိုသည်။

၎င်း၏ ကံစမ်းမဲဖောက်ပေးသည့်အစီအစဉ် ဥပဒေနှင့်မညီဟု စစ်ဆေးတွေ့ရှိကာ ပြစ်မှုထင်ရှားစီရင်လျှင် အီလွန်မတ်စ်အနေဖြင့် ထောင်ဒဏ် ငါးနှစ်အထိ ကျခံရနိုင်ကြောင်း သိရသည်။

**Mon**

ဝ-ဝ-ဝ-ဝ-ဝ-ဝ



## ဝန်ကြီး ၄၈ ဦးဖြင့် ဖွဲ့စည်းထားသော အစိုးရအဖွဲ့ကို သမ္မတ ပရာဘိုဝို ဦးဆောင်ရာတွင် အခက်ကြုံတွေ့နိုင်

**ဂျကာတာ နိုဝင်ဘာ ၁**

အင်ဒိုနီးရှားနိုင်ငံတွင် သမ္မတ ပရာဘိုဝိုဆူဘီယန်တို အာဏာရပြီးနောက် ဝန်ကြီး ၄၈ ဦးဖြင့် အစိုးရဖွဲ့စည်းကာ တာဝန်ထမ်းဆောင်ခဲ့သည်မှာ တစ်ပတ်ကျော်ရုံသာရှိသေးသည်။ ၎င်းအသစ်ခန့်ထားသည့် လူ့အခွင့်အရေးဝန်ကြီးက ၎င်း၏ဝန်ကြီးဌာနအတွက် သတ်မှတ်ပေးသော အသုံးစရိတ် နည်းလွန်းသည်ဟု ဝေဖန်ခြင်းနှင့် စတင်ကြုံတွေ့ရသည်။

ဘီဘီစီသတင်းဌာနက မေးမြန်းစဉ် ၎င်း၏မကျေနပ်ချက်ကို ထုတ်ဖော်ပြောဆိုခဲ့ရာ အင်ဒိုနီးရှားပါလီမန်အမတ်နှင့် နိုင်ငံရေးသမားအချို့က ၎င်း၏လုပ်ရပ်မှားယွင်းနေကြောင်း ထောက်ပြခဲ့ကြသည်။

နည်းနေသော အသုံးစရိတ်တိုးမြှင့်တောင်းဆိုရန် အစိုးရအဖွဲ့အတွင်း ပြောဆိုညှိနှိုင်းရမည့်ကိစ္စကို သတင်းမီဒီယာမှတစ်ဆင့် ပေါက်ကြားစေခြင်းသည် ထိုဝန်ကြီး၏ အမှားဖြစ်သည်ဟု ဝေဖန်ခဲ့ကြသည်။

သမ္မတဟောင်း ဂျိုကိုဝီဒိုဒို အစိုးရအဖွဲ့တွင် ဝန်ကြီး ၃၄ ဦးနှင့် ဒုတိယဝန်ကြီး ၁၇ ဦးသာရှိခဲ့သော်လည်း သမ္မတ ပရာဘိုဝို အစိုးရအဖွဲ့တွင် ဝန်ကြီး ၄၈ ဦး၊ ဒုတိယဝန်ကြီး ၅၆ ဦးရှိနေသဖြင့် ၎င်းတို့ကို ဦးဆောင်ရာတွင် အခက်ကြုံတွေ့လာနိုင်သည်ဟု ပြည်တွင်း၊ ပြည်ပမှ သုံးသပ်မှုများရှိနေကြောင်း သိရသည်။

**Mon**

ဝ-ဝ-ဝ-ဝ-ဝ-ဝ

## စက်ဘီးစီးရင်း လက်ကိုင်ဖုန်းပြောသူများကို ဂျပန်နိုင်ငံ၌ ထောင်ဒဏ် ခြောက်လပြစ်ဒဏ်ပေးမည်

**တိုကျို နိုဝင်ဘာ ၁**

စက်ဘီးစီးရင်း လက်ကိုင်ဖုန်းပြောသူများကို ဂျပန်နိုင်ငံ၌ ထောင်ဒဏ် ခြောက်လပြစ်ဒဏ်ပေးမည်ဟု မကြာသေးမီက စည်းမျဉ်းသစ်အတည်ပြုပြဋ္ဌာန်းလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အရက်မူးပြီး စက်ဘီးစီးသူကိုလည်း ထိုပြစ်ဒဏ်ချမှတ်မည်ဟု အဆိုပါစည်းမျဉ်းသစ်တွင် ပါရှိသည်။

ယင်းကဲ့သို့ တင်းကြပ်သောစည်းမျဉ်း စတင်အကျိုးသက်ရောက်ပြီး နာရီပိုင်းအတွင်း အိုဆာကာမြို့တွင် အရက်မူးပြီး စက်ဘီးစီးလာသူ နှစ်ဦးကို ဖမ်းဆီးခဲ့ရကြောင်း မြို့အုပ်ချုပ်ရေးအဖွဲ့က သတင်းထုတ်ပြန်သည်။

ဂျပန်နိုင်ငံတွင် ၂၀၂၃ ခုနှစ်က စက်ဘီးနှင့်သက်ဆိုင်သော ယာဉ်မတော်တဆမှုပေါင်း ၇၂၀၀၀ ကျော် ဖြစ်ပွားခဲ့သဖြင့် ထိုစည်းမျဉ်းထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**



## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ



## လက်ဘနွန်ဘက်မှ ဟစ်ဇဘိုလာဒုံးလက်နက်နှစ်စင်း အစ္စရေးနိုင်ငံမြောက်ပိုင်းသို့ ကျရောက်ပေါက်ကွဲခဲ့

**ဂျေရုဆလင် နိုဝင်ဘာ ၁**

လက်ဘနွန်ဘက်မှ ဟစ်ဇဘိုလာတို့ ပစ်ခတ်ခဲ့သည့် ဒုံးလက်နက် နှစ်စင်း အစ္စရေးနိုင်ငံမြောက်ပိုင်းသို့ အောက်တိုဘာ ၃၁ ရက်က ကျရောက်ပေါက်ကွဲခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

လက်ဘနွန်နိုင်ငံအတွင်းသို့ ဝင်ရောက်တပ်စွဲနေသော အစ္စရေးတပ်ဖွဲ့ဝင်များနှင့် နယ်စပ်ရှိ အစ္စရေးစခန်းများကို မိမိတို့ဦးတည်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဟစ်ဇဘိုလာတို့ဘက်က သတင်းထုတ်ပြန်သည်။

ဒုံးလက်နက်များ လာရာလမ်းကြောင်းကို အစ္စရေးဘက်က ထောက်လှမ်းကာ ဟစ်ဇဘိုလာပစ်မှတ်များကို တန်ပြန်တိုက်ခိုက်ရန် စီစဉ်နေကြောင်း သိရသည်။

**Mon**



အီရတ်ပါလီမန်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံရသည့် မာမွတ်အယ်လ်မတ်ရှ်ဟာဒါနီကို အောက်တိုဘာ ၃၁ ရက်က တွေ့ရစဉ်။ **Mon**

## ဟစ်ဇဘိုလာဘက်မှ ဒုံးလက်နက်ဖြင့် တိုက်ခိုက်သဖြင့် အစ္စရေးနိုင်ငံရောက် ထိုင်းနိုင်ငံသား လေးဦး သေဆုံး

**ဘန်ကောက် နိုဝင်ဘာ ၁**

လက်ဘနွန်အခြေစိုက် ဟစ်ဇဘိုလာပြောက်ကျားအုပ်စုဘက်မှ အောက်တိုဘာ ၃၁ ရက်တွင် ဒုံးလက်နက်ဖြင့် တိုက်ခိုက်သဖြင့် အစ္စရေးနိုင်ငံရောက် မိမိတို့နိုင်ငံသား လေးဦးသေဆုံးခဲ့သည်ဟု ထိုင်းနိုင်ငံခြားရေးဝန်ကြီး မရစ်ဆန်ဂီယာပေါင်ဆာက နိုဝင်ဘာ ၁ ရက်တွင် အတည်ပြုပြောကြားလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အစ္စရေးနယ်စပ်ဒေသရှိ မေတူလာမြို့တွင် ခြံလုပ်သားအဖြစ် တာဝန်ထမ်းဆောင်နေသော ထိုင်းနိုင်ငံသား လေးဦးသေဆုံးခဲ့ရသဖြင့် သက်ဆိုင်သော မိသားစုများနှင့်ထပ်တူ ဝမ်းနည်းရကြောင်း အဆိုပါနိုင်ငံခြားရေးဝန်ကြီးက ၎င်း၏ အိတ်ခ်စ်လူမှုကွန်ရက်မှတစ်ဆင့် အသိပေးခဲ့သည်။



အစ္စရေးနိုင်ငံတွင် စိုက်ပျိုးရေးလုပ်ငန်းခွင်များ၌ တာဝန်ထမ်းဆောင်သူများကို လုပ်ခလစာကောင်းကောင်းပေးသဖြင့် ထိုင်းနိုင်ငံသား ၃၀၀၀၀ ဦးခန့် သွားရောက်အလုပ်လုပ်နေကြသည်။

ယမန်နှစ် အောက်တိုဘာ ၇ ရက်က ဟားမတ်စ်တို့ အစ္စရေးနယ်နိမိတ်ထဲအထိ ကျူးကျော်ဝင်ရောက်တိုက်ခိုက်ခဲ့စဉ် ထိုင်းနိုင်ငံသား ၃၉ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

**Mon**

## ဂါဇာကမ်းမြောင်ဒေသရှိ ပါလက်စတိုင်းတို့အတွက် စားနပ်ရိက္ခာထောက်ပံ့သည်ကို အစ္စရေး မပိတ်ပင်စေလို

**ဝါရှင်တန် နိုဝင်ဘာ ၁**

ဂါဇာကမ်းမြောင်ဒေသရှိ ပါလက်စတိုင်းတို့အတွက် စားနပ်ရိက္ခာထောက်ပံ့သည်ကို အစ္စရေးဘက်မှ မပိတ်ပင်စေလိုဟု ကုလသမဂ္ဂအရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးအထူးသံတမန် တော်ဝင်နက်စလန်းက အောက်တိုဘာ ၃၁ ရက်တွင် ပန်ကြားပြောဆိုခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။



ယခင်အပတ် နယူးယောက်မြို့၌ ပြုလုပ်သည့် လုံခြုံရေးကောင်စီအစည်းအဝေးတွင် ကုလသမဂ္ဂဆိုင်ရာ အစ္စရေးသံအမတ်က ဟားမတ်စ်အုပ်စုကြောင့် ပါလက်စတိုင်းတို့ စားနပ်ရိက္ခာအခက်ကြုံနေရခြင်းဖြစ်သည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအများစုကမူ ပါလက်စတိုင်းတို့အတွက် စားနပ်ရိက္ခာထောက်ပံ့မည့် ယာဉ်တန်းများကို အစ္စရေးဘက်က ပိတ်ပင်နေသည်ဟု ထင်မြင်ယူဆနေဆဲဖြစ်ကြောင်း သိရသည်။

**Mon**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများဟောပြော အသိပညာပေး လက်ကမ်းစာစောင်များ ပေးဝေ

**စစ်ကိုင်း နိုဝင်ဘာ ၁**

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေး၊ယာဉ်မတော်တဆမှုများ လျှော့နည်းစေရေးအတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့က တက္ကသိုလ်များ၊ အခြေခံပညာအထက်တန်းကျောင်းများနှင့် ဌာနဆိုင်ရာများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ဟောပြောခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး လက်ကမ်းစာစောင်များ ပေးဝေခြင်းများဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၃၁ရက် နံနက် ၉ နာရီက စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက်၊ ပညာရေးတက္ကသိုလ်လေ့ကျင့် ရေးအထက်တန်းကျောင်းတွင် အမှတ်(၁၀၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စုက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို Grade-10 ရှိ ကျောင်းသား၊ ကျောင်းသူများကို ဟောပြောဆွေးနွေးခဲ့သည်။



တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆိုင်ကယ်စီးဦးထုပ်မဆောင်းသူများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုအားနည်းခြင်းကြောင့် ယာဉ်မတော်တဆမှုများ နေ့စဉ်ဖြစ်ပွားနေပြီး အသက်များ ဆုံးရှုံးမှုဖြစ်ပေါ်လျက်ရှိရာ လမ်းအသုံးပြုသူများ ကိုယ်တိုင်ပူးပေါင်းပါဝင်မှသာ ထိခိုက်ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုများ လျော့နည်းလာမည်ဖြစ်ကြောင်း ပညာပေးဟောပြောပြီး ကျောင်းသား၊ ကျောင်းသူ များသိလိုသည့်မေးမြန်းချက်များ ကိုပြန်လည်ဖြေကြားပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ ဟောပြောပွဲသို့ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ) (၀၄၅)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



# မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၁**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ကျွဲဆည်ကန်(၁၁)လမ်း၊ လုမ္ဗိနီ LUMBINI ACADEMY ကျောင်းတွင် အောက်တိုဘာ ၃၀ ရက် နံနက် ၉ နာရီခွဲက အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအသင်း(ဗဟို) (AEDA-Mdy)တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးအေးက အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်က ဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်ကို ပြောကြားသည်။ ထို့နောက် အသင်းအမှုဆောင် ဦးဝင်းမင်းလှိုင်က မူးယစ်သမိုင်းကြောင်းကိုလည်းကောင်း၊ အသင်းအတွင်းရေးမှူး ဦးမြင့်သန်းက မူးယစ်ဆေးဝါးအမျိုးအစားများနှင့် ဆိုးကျိုးအန္တရာယ်ကိုလည်းကောင်း၊အသင်းတွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ဦးက စိတ်ကြွရူးသွပ်ဆေးပြားနှင့် အီးစီးကရက်ဆိုးကျိုးအန္တရာယ်များကို အသီးသီး အသိပညာပေး ဟောပြောကြသည်။

ဆက်လက်ပြီး အသင်းအမှုဆောင် ဒေါ်သင်းသင်းဦးက မူးယစ်ဆိုင်ရာ မေးခွန်းများကို မေးမြန်းရာ ဖြေဆိုသည့် ကျောင်းသား၊ ကျောင်းသူများအား အသင်းဥက္ကဋ္ဌ၊ အမှုဆောင်တို့က ဆုများ ပေးအပ်ချီးမြှင့်ကြပြီး ကျောင်းသား၊ ကျောင်းသူများက မူးယစ်ဆေးဝါး မသုံးစွဲရေးအတွက် သန္နိဋ္ဌာန်ရွတ်ဆိုကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

(၀၇၀)

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်နှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၃၀ရက်က ရှမ်းပြည်နယ်၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တာချီလိတ်မြို့နယ်၊ မယ်ယန်း ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းခုနစ်မျိုးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အရေးယူဆောင်ရွက်လျက်ရှိသည်။ **(ယာပုံ)**

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ ကလေးမြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၇ မျိုး၊ လုပ်ငန်းသုံးပစ္စည်းကိုးမျိုးနှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck တစ်စီးကိုလည်းကောင်း၊ ကျွဲတပ်ဆုံ စစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးနှင့် ရန်ကုန်မြို့မှ အောင်ပန်းမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုးနှင့် လူသုံးကုန်ပစ္စည်းတစ်မျိုး၊စားသောက်ကုန်ပစ္စည်းတစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး၊ Isuzu Truck တစ်စီးကိုလည်းကောင်း၊မြစ်ငယ်စစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသောယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီးကိုလည်းကောင်း၊ စဉ့်ကိုင်မြို့ BOC ဆီဆိုင်အနီး၌ ရပ်တန့်ထားသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၁ မျိုး၊ လူသုံးကုန်ပစ္စည်း နှစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Cheng Long Truck တစ်စီးကိုလည်းကောင်း၊ ကျောက်ဆည်မြို့ မြို့ရောင်လမ်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီးကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးခရိုင်နှင့်သရက်ခရိုင်တို့အတွင်း၌ တရားမဝင် မီးသွေး ၅ ဒသမ ၃၁ တန်ကို သစ်တောဥပဒေအရလည်းကောင်း၊ မကွေးခရိုင်၊ ရေနံချောင်းမြို့နယ်၌ လိုင်စင်မဲ့ဆိုင်ကယ်တစ်စီးကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**




# ရှမ်းပြည်နယ်၊ လဲချားမြို့နှင့် မိုင်းကိုင်မြို့တို့တွင် မီးလောင်မှုဖြစ်ပွား

**လဲချား နိုဝင်ဘာ ၁**

ရှမ်းပြည်နယ်၊လဲချားမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ကန်သာယာလမ်းတွင် အောက်တိုဘာ ၃၁ ရက် ည ၈ နာရီ ၁၅မိနစ်ခန့်က နေအိမ်မီးလောင်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် လဲချားမြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ မီးသတ်ရေသယ်ယာဉ်တစ်စီး၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များသည် သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းငြိမ်းသတ်ခဲ့ကြရာ ည ၈ နာရီ ၄၅မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

အလားတူ ရှမ်းပြည်နယ်၊ မိုင်းကိုင်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ဖာခေးလမ်းတွင် အောက်တိုဘာ ၂၉ ရက် ည ၈ နာရီခွဲက မီးလောင်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် မိုင်းကိုင်မြို့နယ်မီးသတ်စခန်းမှ မီးသတ်ယာဉ်နှစ်စီး၊ မီးသတ်ရေသယ်ယာဉ်တစ်စီး၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ထွက်ခွာငြိမ်းသတ်ရာ ည ၉နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

(၀၄၅)



# သန့်ရှင်းသော လေထုအကြောင်း သိကောင်းစရာ

(၂၉-၁၀-၂၀၂၄)ရက်၊ စာမျက်နှာ(၆)မှ အဆက်

**လေထုညစ်ညမ်းမှုက အမျိုးသားများ၏ မျိုးဆက်ပွားစွမ်းဆောင်ရည် ကျဆင်းနိုင်**

မြို့ကြီးပြကြီးများ၌ လေထုညစ်ညမ်းမှုပြဿနာသည် အမျိုးသားများ၏ မျိုးဆက်ပွား စွမ်းရည် ကျဆင်းလာမှုပြဿနာနှင့် ဆက်စပ်နိုင်ကြောင်း၊ ထို့ပြင် ယာဉ်သွားယာဉ်လာ ဆူညံသံများကြောင့်လည်း အမျိုးသမီးများ၏ မျိုးဆက်ပွားစွမ်းဆောင်ရည်ကို ထိခိုက်ပျက်စီးသွားနိုင်ကြောင်း ဒိန်းမတ်သုတေသီများက တွေ့ရှိထားသည်။ အဆိုပါသုတေသီများသည် အမျိုးသား၊ အမျိုးသမီးများ၏ မျိုးဆက်ပွား စွမ်းဆောင်ရည်အပေါ် မြို့ပြပတ်ဝန်းကျင်၏ အကျိုးသက်ရောက်မှုကို ဖော်ထုတ်ရေးအတွက် လူပေါင်း ၉၀၀၀၀၀တို့၏ အချက်အလက်များကို လေ့လာခဲ့ကြရာ ပေါ်ထွက်လာသည့် ရလဒ်များအရ PM 2.5 ရုပ်မှုန်များပါဝင်မှု ပုံမှန်ထက်လွန်ကဲနေသော လေထုနှင့်ငါးနှစ်ကြာ ထိတွေ့ခဲ့ရသည့် အမျိုးသားများတွင် မျိုးဆက်ပွားစွမ်းဆောင်ရည်ပြဿနာများ ပေါ်လာနိုင်ခြေ ပုံမှန်ထက် ၂၄ ရာခိုင်နှုန်း မြင့်မားနေသည်ကို တွေ့ရသည်။

**လေထုအရည်အသွေး နိမ့်ကျခြင်းအတွက် အရေးပါသော သက်စောင့်ဓာတ်များ**

- ဗီတာမင်စီ၊ ဗီတာမင်ဒီ၊ ဗီတာမင်အီး၊ ဘီတာကယ်ရိုတင်းနှင့် အိုမီဂါ-၃ ဖက်တီးအက်စစ်များ က လေထုညစ်ညမ်းမှုအတွက် လွန်စွာ ကောင်းမွန်သော သက်စောင့်ဓာတ်များ ဖြစ်သည်။
- အထူးသဖြင့် ဗီတာမင်စီက လေထုထဲမှပါလာသော နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ်ကို ဖြေလျှော့ပေးသည်။
- ဗီတာမင်စီ၊ဗီတာမင်အီးနှင့် ဘီတာကယ်ရိုတင်းဓာတ်များက အိုဇုန်းဓာတ်မြင့်မားမှုကြောင့် အဆုတ်၏ လုပ်ဆောင်ချက်များ ယိုယွင်းလာသော ပြဿနာများကို ကြိုတင်ကာကွယ်ပေး နိုင်သည်။
- ဗီတာမင်စီနှင့် ဗီတာမင်အီးက လေထုညစ်ညမ်းခြင်းကြောင့် ပန်းနာရင်ကြပ်ဝေဒနာကို သက်သာ ကောင်းမွန်စေသည်။
- အိုမီဂါ-၃ ဖက်တီးအက်ဆစ်က လေထုညစ်ညမ်းခြင်းကြောင့် နှလုံးသွေးကြောများ ထိခိုက်ခြင်း မှ ကာကွယ်ပေးသည်။
- ဗီတာမင်ဒီက ခန္ဓာကိုယ်တွင်း မသန့်ရှင်းသောလေများ ဝင်ရောက်ခြင်းအန္တရာယ် ပိုမိုဆိုးရွား ခြင်းမှ ကာကွယ်ပေးသည်။

**လေထုအရည်အသွေး နိမ့်ကျခြင်းအတွက် အကောင်းဆုံးအာဟာရများ**

အောက်ဖော်ပြပါ အစားအစာများကို စားသုံးခြင်းဖြင့် လေထုအရည်အသွေးနိမ့်ကျခြင်းကြောင့် ဖြစ်ပေါ်ခံစားရသော ကျန်းမာရေး အန္တရာယ်များမှ ကာကွယ်ထားနိုင်သည်။

- ဗီတာမင်စီ မြင့်မားစွာပါရှိသော မြန်မာနံ့နံ့ပင်၊ တရုတ်နံ့နံ့ပင်၊ ဒန့်သလွန်ရွက်၊ ဒန့်သလွန်သီး၊ မာလကာသီး၊ သံပရာသီး၊ ရှောက်သီး၊ ကီဝီသီး၊ ပန်းဂေါ်ဖီစိမ်း၊ စတော်ဘယ်ရီသီး၊ လိမ္မော်သီး၊ ပန်းငရုတ်ချိုပွ၊ ဟင်းနုနယ်ရွက်၊ နန္တင်းမှုန့်နှင့် ဂေါ်ဖီထုပ် စားပါ။
- ဗီတာမင်ဒီ ကြွယ်ဝသော မှို၊ မုတ်ကောင်၊ ငါးကြီးဆီ နှင့် ကြက်ဥ၊ ဘဲဥ၊ ငုံးဥ စသော ဥအမျိုးမျိုးစားပါ။
- ဗီတာမင်အီး မြင့်မားစွာပါရှိသော အစိမ်းရောင် ဟင်းသီးဟင်းရွက်များ၊ ထောပတ်သီး၊ နေကြာစေ့၊ ဗာဒံစေ့၊ မြေပဲ၊ သစ်ကြားသီး၊ သံလွင်ဆီ၊ ဖွဲနုဆီ၊ ငါးဥ၊ ငါးရှဥ့်၊ ဆယ်လ်မွန်ငါး၊ လေးညှင်းပွင့်၊ ပင်စိမ်း၊ တရုတ်နံ့နံ့စားပါ။
- ဘီတာကယ်ရိုတင်းဓာတ် မြင့်မားစွာပါရှိသော မုန်လာဥနီ၊ ကန်စွန်းဥ၊ ဟင်းနုနယ်ရွက်၊ ပဲထောပတ်၊ သခွားမွှေး၊ ပန်းငရုတ်ချိုပွ စားပါ။
- အိုမီဂါ-၃ ဖက်တီးအက်ဆစ် ကြွယ်ဝသော ဂုန်လျှော်စေ့၊ သစ်ကြားသီး၊ ပဲပိစပ်၊ ပင်လယ် ငါးအမျိုးမျိုး၊ ဆယ်လ်မွန်ငါးနှင့် ငါးကြီးဆီစားပါ။
- အထူးသဖြင့် ဂေါ်ဖီထဲတွင်ပါရှိသော Sulforaphane နှင့် Glucoraphanin ဓာတုဓာတ် ပေါင်းပစ္စည်းနှစ်မျိုးက လေထုညစ်ညမ်းမှုကြောင့် ဖြစ်ပေါ်လာသော အဆုတ်ထဲရှိ အဆိပ် အတောက်များကို သန့်စင်ပေးနိုင်သည့်အပြင်၊ အသည်းနှင့်အတူ ခန္ဓာကိုယ်ကြီးတစ်ခုလုံးကို သန့်စင်မှုဖြင့် ကျန်းမာစေသည်။ ၎င်းဓာတုဓာတ်ပေါင်းပစ္စည်း နှစ်မျိုးကို ပန်းဂေါ်ဖီအဖြူ၊ ပန်းဂေါ်ဖီစိမ်း၊ ကိုက်လန်၊ ဂေါ်ဖီထုပ်၊ မုန်ညင်းရွက်၊ မုန်ညင်းစေ့တို့မှ အလုံအလောက် ရရှိနိုင်သည်။
- ထန်းလျက်နှင့် ကြက်သွန်နီကို ရော၍စားခြင်းဖြင့် အဆုတ်ကို သန့်စေသည်။
- ဇာတိပ္ဖိုလ်သီး၊ ငရုတ်ကောင်း၊ ငရုတ်သီး တို့ကလည်း လေထုညစ်ညမ်းခြင်းကြောင့် ဖြစ်လာသော အဆုတ်ရောဂါကို သက်သာပျောက်ကင်းစေသည်။
- နန္တင်းမှုန့်ကို ထောပတ်ဖြင့် နယ်စားပါ။
- အထက်ဖော်ပြပါ အစားအသောက်များကို စားသုံး၍ နေ့စဉ် ၁၅ မိနစ် မှ ၃၀ မိနစ်ခန့် လမ်းသွက်သွက်လျှောက်ခြင်း (သို့မဟုတ်) ကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ်ပါ။

အချုပ်ဆိုသော် လေဖြတ်ခြင်း၊ နှလုံးရောဂါဖြစ်ခြင်း၊ အဆုတ်ကင်ဆာနှင့် အသက်ရှူလမ်းကြောင်း ရောဂါတို့ကြောင့် နှစ်စဉ် ကမ္ဘာ့လူဦးရေ ၈ ဒသမ ၁ သန်းခန့် အရွယ်မတိုင်မီ သေဆုံးနေကြရာ လေထုညစ်ညမ်းခြင်းက ဒုတိယအကြောင်းရင်း ဖြစ်သည့်အပြင် အသက်ငါးနှစ်အောက်ကလေး ခုနစ် သိန်းကျော် နှစ်စဉ်သေဆုံးရခြင်းတွင်လည်း အိမ်တွင်းအိမ်ပြင်လေထုညစ်ညမ်းမှုတို့နှင့် ဆက်စပ်သော အကြောင်းများကြောင့်ဖြစ်ကြောင်းတို့ကို ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ် (UNEP)က ယခုနှစ် စက်တင်ဘာလ ပထမရက်သတ္တပတ်အတွင်း သတိပေးချက်ထုတ်ပြန်ခဲ့သည်။

သို့ဖြစ်ရာ လေထုညစ်ညမ်းမှု တိုက်ဖျက်ခြင်း၊ လေထုအရည်အသွေး ကောင်းမွန်ရေး ဆောင်ရွက်ရာ တွင် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ခြင်း၊ ငွေကြေးရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ပြုလုပ်ခြင်း၊ နိုင်ငံအတွင်း လေထုညစ်ညမ်းမှု မဖြစ်ပေါ်စေရန် ပိုမိုတာဝန်ယူဆောင်ရွက်ခြင်း အားဖြင့် ကျန်းမာရေးအတွက် လွန်စွာအရေးပါလှသည့် သန့်ရှင်းသောလေထုကို ရရှိမည်ဖြစ်ပါကြောင်း အကြံပြု ရေးသားလိုက်ရပါသည်။

တင်ထက်ထက်ဇော်



## နမ့်ခုတ်-စံဖူး-ရွာသစ် လမ်းပိုင်း ပြုပြင်နေမှုအား ကြည့်ရှုစစ်ဆေး

**တောင်ကြီး နိုဝင်ဘာ ၁**

ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးနေဝင်းအောင်သည် တာဝန်ရှိသူများ လိုက်ပါလျက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ဟိုပုံးမြို့နယ်၊ မဲနယ် တောင်ဒေသ သဘာဝဘေးဒဏ် ကြောင့် ပြိုကျပျက်စီးခဲ့သည့် နမ့်ခုတ်-စံဖူး -ရွာသစ်လမ်းပိုင်း ပြုပြင်နေမှုအား အောက်တိုဘာ ၂၇ ရက် နံနက် ၁၁ နာရီက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ သည်။ **(ဓာတ်ပုံ)**

ဝန်ကြီးနှင့်အဖွဲ့သည် မိုး သည်းထန်စွာ ရွာသွန်းမှုကြောင့် ရေတိုက်စားသဖြင့် လမ်းသား ပဲ့ကျပျက်စီးခဲ့သော နမ့်ခုတ်-စံဖူး -ရွာသစ်လမ်းပိုင်း မိုင်တိုင်အမှတ် ၂/၀၊ ၃/၂၊ ၄/၅ ၊ ၅/၆၊ ၉/၀၊ ၁၀/၀နှင့် ၂၄/၆ တို့တွင် စက် ယန္တရားများဖြင့် လမ်းပြုပြင် ဆောင်ရွက်နေမှုများအား ကြည့်ရှု စစ်ဆေးရာ ခရိုင်လမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးလွင်၊ လမ်းဦးစီးဌာနနှင့် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီး ဌာနတို့က လမ်းပိုင်းများ ပြုပြင် ဆောင်ရွက်နေမှုအခြေအနေများ နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးက သတ်မှတ် စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိစေ ရေး၊အချိန်မီပြီးစီးရေး၊လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးနှင့် ခရီး သွားပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းစွာသွားလာနိုင်ရေး၊လမ်း ကြောပိတ်ဆို့မှုမရှိစေရေးအတွက် စနစ်တကျဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

* - * - * - * - *

## မန္တလေးမြို့ ယာဉ်အန္တရာယ်လျော့နည်းကျဆင်းရေး လမ်းအမှတ်သားများရေးဆွဲ၊ လမ်းကာတုံးများ ပြုပြင်

**မန္တလေး နိုဝင်ဘာ ၁**

မန္တလေးမြို့ ယာဉ်အန္တရာယ် လျော့နည်းကျဆင်းစေရေးအတွက် မန္တလေးမြို့တော် စည်ပင်သာယာ ရေးကော်မတီ လမ်းတံတားဌာန က အဓိကကျသောလမ်းဆုံများ တွင် ပလက်ဖောင်းများပြုပြင်ပြီး လမ်းကာတုံးများ တိုးချဲ့တပ်ဆင် ပေးလျက်ရှိသည်။ မော်တော်ယာဉ် များပြားလာပြီး ယာဉ်အန္တရာယ် လျော့နည်းစေရေးအတွက် လမ်း မကြီးဖြစ်သော ၈၀လမ်း၊၂၆လမ်း မှ ၃၅လမ်းအထိ ယာဉ်ကြော အမှတ်သားများ၊ လူကူးမျဉ်းများ ကို အောက်တိုဘာ ၂၉ရက်က ရေးဆွဲပေးလျက်ရှိသည်။

မန္တလေးမြို့တွင် ဆိုင်ကယ် အသုံးပြုမှု တိုးတက်များပြားလာ ပြီး ယာဉ်အန္တရာယ်လျော့နည်းကျ ဆင်းလာစေရေးအတွက် ကျုံးပတ် လည်၊ ၃၅လမ်း၊၇၈လမ်းတို့တွင် ဆိုင်ကယ်စီးနင်းရန် သတ်မှတ် ပေးထားသော လမ်းပိုင်းတွင် ဆိုင်ကယ်လမ်းအမှတ်အသားများ ရေးဆွဲပေးထားသည်။ **(ယာပုံ)**

မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီက ယာဉ် ကြောရှုပ်ထွေးသည့် လမ်းဆုံများ၊ အဓိကလမ်းမကြီးများတွင်လည်း ဆိုလာမီးပွိုင့်အသစ်များ တိုးချဲ့ တပ်ဆင်ပေးခဲ့ပြီး လူသွားလာမှု များသောနေရာများတွင် ပလက် ဖောင်းများ တိုးချဲ့ပြုပြင်ပေးလျက် ရှိကြောင်းသိရသည်။ **(ဝ၄၅)**



* - * - * - * - * - * - * - *

# မြန်မာထွက်ကုန် ပဲစင်းငုံများ မန္တလေးဈေးကွက်အတွင်း၌ အရောင်းအဝယ်ကောင်းနေ



**မန္တလေး နိုဝင်ဘာ ၁**

ယခုနှစ် ထွက်ရှိလာတော့မည့် မြန်မာထွက်ကုန်ပဲစင်းငုံများ ပြည်ပနိုင်ငံများ၏ ဝယ်လိုအားကြောင့် မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

လက်ရှိအချိန်တွင် မန္တလေးဈေးကွက်အတွင်းသို့ ၄င်းပဲစင်းငုံများကို တိုင်းဒေသကြီး၊ပြည်နယ်စသည့်ဒေသများမှ ဝင်ရောက်လျက်ရှိကြောင်း၊ ယခုနှစ် ပဲစင်းငုံများသည် ရာသီဥတုကောင်းမွန်မှုကြောင့် အထွက်နှုန်းကောင်းကာ အရောင်အသွေးနှင့် အလုံးအဖန်များ ကောင်းမွန်လျက်ရှိကြောင်း၊ ယခုဈေးကွက်အတွင်း လက်ရှိဈေးနှုန်းအနေဖြင့် ပဲစင်းငုံ သုံးတင်းဝင်တစ်အိတ်လျှင်ငွေကျပ် ၄၂၀,၀၀၀ ဈေးနှုန်းတို့ဖြင့် ဈေးကောင်းရရှိကာ အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

"ပဲစင်းငုံကို မြန်မာလူမျိုးတွေက စားသုံးမှုနည်းတယ်။ အဓိကအိန္ဒိယလူမျိုးတွေက မြန်မာပဲစင်းငုံကို ခါတုကင်းစင်ပြီး အရသာမှာလည်း တမူထူးခြားတာကြောင့် ကြိုက်နှစ်သက်ပြီး ဝယ်ယူကြတယ်။ ထွက်ရှိတဲ့ ပဲစင်းငုံ ရာခိုင်နှုန်းပြည့်က ပြည်ပပို့ကုန်အနေနဲ့ နှစ်စဉ်တင်ပို့ရတယ်။ ဈေးကွက်ကလည်း အခိုင်အမာရရှိပြီးသားပါ။ ပဲစင်းငုံက ပြည်ပပို့ကုန်အနေနဲ့ အိန္ဒိယတင်မဟုတ်ဘူး။ နီပေါ၊ ဘင်္ဂလားဒေ့ရှ်နဲ့ ပါကစ္စတန်နိုင်ငံတို့ကလည်း နှစ်စဉ် ပုံမှန်ဝယ်ယူနေကြတယ်။ အဓိက ဖောက်သည်ကတော့ အိန္ဒိယနိုင်ငံဖြစ်တယ်။ ဒီပဲစင်းငုံက ဆောင်းသီးနှံအနေနဲ့ တစ်ရာသီသာ စိုက်ပျိုးကြတယ်။ ပဲစင်းငုံတွေဟာ မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်တွေကောင်းနေတယ်။ လာမယ့် ၂၀၂၅ မှာ ပဲစင်းငုံတွေဟာ စိုက်ဧကတွေတိုးပြီး ဈေးကောင်းမယ်လို့ ခန့်မှန်းထားတယ်။ ပဲမျိုးစုံတွေထဲမှာ တတိယအနေနဲ့ ပြည်ပဝင်ငွေရှာဖွေပေးတဲ့ ပဲတစ်မျိုးလည်းဖြစ်တယ်"ဟု ၄င်းက ရှင်းပြသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ပဲစင်းငုံမှာ ပဲစင်းငုံအနီ၊ ပဲစင်းငုံအဖြူနှင့် ပဲစင်းငုံအကြားဟူ၍ အမျိုးအစား သုံးမျိုးရှိကြောင်း၊ မြန်မာပြည်အလယ်ပိုင်း၊မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ပဲစဉ်းငုံများကို စိုက်ပျိုးကြကြောင်း၊ ယခု နောက်ပိုင်းတိုးချဲ့ စိုက်ပျိုးလာကြရာ ကယား၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်း၊ ချင်းတို့တွင် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလာကြောင်း၊ ထိုကြောင့် ပြည်ပဈေးကွက် အခိုင်အမာရှိနေသည့်အတွက် ပဲစင်းငုံကို တောင်သူများအနေဖြင့် ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၀၇၃)

# မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ ကျန်းမာရေးထောက်ပံ့ငွေ ပေးအပ်

**မန္တလေး နိုဝင်ဘာ ၁**

မန္တလေးတက္ကသိုလ် ကျန်းမာရေး စောင့်ရှောက်မှုကော်မတီမှ မန္တလေးတက္ကသိုလ်ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအား ကျန်းမာရေးနှင့်ပတ်သက်သည့် ကိစ္စများ စဉ်ဆက်မပြတ် ထောက်ပံ့လျက်ရှိသည်။

ဘာသာရပ်အသီးသီးမှ တင်ပြလာသည့် ဆရာ၊ဆရာမကြီးများအား အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့ပေးလျက်ရှိရာ အောက်တိုဘာ ၃၀ ရက်က သစ္စာရာဇာဆေးရုံတွင် ဆေးကုသမှုခံယူခဲ့သော ဆရာကြီး ဦးအောင်ကျော် (သချာ်)အား ကျန်းမာရေးစောင့်ရှောက်မှုကော်မတီနာယက ဦးတင်မောင်၊ ဘဏ္ဍာရေးမှူး ဦးစိုးလွင်နှင့် အဖွဲ့ဝင်များက မဟာအောင်မြေမြို့နယ်၊ ၃၈လမ်း နေအိမ်သို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုဂါရဝပြုငွေကျပ် သုံးသိန်း ပေးအပ်၍ ကျန်းမာရေးမေးမြန်းအားပေးစကားများ ပြောကြားခဲ့ကြသည်။

မန္တလေးတက္ကသိုလ် ကျန်းမာရေး စောင့်ရှောက်မှုကော်မတီအနေဖြင့် အဖွဲ့တည်ထောင်သည့်နေ့မှစပြီး ၂၀၂၄ ခု အောက်တိုဘာ ၃၀ ရက်အထိ နာမကျန်းဖြစ်သော ဆရာကြီး၊ ဆရာမကြီး၊ စုစုပေါင်း ၃၂၀ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုဂါရဝပြုငွေကျပ် ၅၅၃ သိန်း ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

(၀၄၅)

# ပို့ကုန်ဝင်ငွေများ သတ်မှတ်ချိန်အတွင်း ပြန်လည်ဝင်ရောက်ရေး MRF ကြေညာချက်ထုတ်ပြန်

ပို့ကုန်ဝင်ငွေများ သတ်မှတ်ချိန်အတွင်း ပြန်လည်ဝင်ရောက်ရေးအပါအဝင် ဆန်တင်ပို့သူများအတွက် MRF က ကြေညာချက်ကို အောက်တိုဘာ ၃၁ ရက်စွဲဖြင့် ထုတ်ပြန်အသိပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါကြေညာချက်ကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သတင်းထုတ်ပြန်ကြေညာချက်အမှတ် (၁၅/၂၀၂၄)၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၃၁ရက်က ထုတ်ပြန်ရာတွင် ဆန်၊ ဆန်ကွဲ ပြည်ပတင်ပို့မည့် ကုမ္ပဏီများအနေဖြင့် ပို့ကုန်လိုင်စင်လျှောက်ထားမှုကို တင်ပြဆောင်ရွက်ရာတွင် ပို့ကုန်တင်ပို့မည့်ပမာဏ၏ ၅၀ ရာခိုင်နှုန်း(အနည်းဆုံး)အား သိုလှောင်ရုံတွင် ကြိုတင်စုဆောင်းပြီး၊ ထိုသို့စုဆောင်းထားရှိမှုကို စားသုံးသူရေးရာဦးစီးဌာန၊မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်(MITS)နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ပူးပေါင်းအဖွဲ့မှ Pre-license Cargo Inspection စစ်ဆေးမှုဖြင့် ပို့ကုန်လိုင်စင်ခွင့်ပြုခြင်းကို ၂၀၂၃ ခုနှစ်၊ မတ်လမှ စတင်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဆန်၊ဆန်ကွဲပြည်ပတင်ပို့ရာတွင် ကုန်ဝယ်သူ(Buyer)၏ လိုအပ်ချက်၊ ကုန်လက်ခံနိုင်ငံ၏ သတ်မှတ်စည်းကမ်းချက်များ၊ အရည်အသွေးထိန်းသိမ်းမှုဆိုင်ရာ လိုက်နာရမည့်အချက်များနှင့် လိုအပ်ချက်များ၊ အရောင်းအဝယ်စာချုပ်ပါ နှစ်ဖက်သဘောတူညီချက်များ၊ မြန်မာနိုင်ငံ၏ သတ်မှတ်စည်းကမ်းချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန် အကြံပြုနှိုးဆော်ထားသည်။

ထို့ပြင် ဆန်စပါးဈေးကွက် ဈေးနှုန်းတည်ငြိမ်မှုကို ဖော်ဆောင်နိုင်ရန်နှင့် သိုလှောင်ဈေးကစားမှုများကို ထိန်းကျောင်းနိုင်ရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာနှင့်အညီ ဆန်၊ ဆန်ကွဲ ပြည်ပတင်ပို့မည့် (Exporter) ကုမ္ပဏီများအနေဖြင့် ဆန်စပါးသိုလှောင်ရုံမှတ်ပုံတင်မှုကို ဆောင်ရွက်ထားရန်နှင့် လစဉ်လကုန်ပြီး (၇)ရက်အတွင်း ကုန်ရ၊ ကုန်ထုတ်၊ ကုန်လက်ကျန်လချုပ်စာရင်းကိုလည်း Myanmar Rice Online (MyRO)၏ Online စနစ်တွင် မပျက်မကွက် စာရင်းသွင်းရန် သတ်မှတ်ထားချက်ကိုလည်း ထပ်မံ၍ အသိပေးထားသည်။

အဓိကအားဖြင့် ပို့ကုန်တင်ပို့ပြီး ပို့ကုန်ဝင်ငွေများ သတ်မှတ်ချိန်အတွင်း ပြန်လည်ဝင်ရောက်ရေးသည် ပို့ကုန်ကုမ္ပဏီများ၏ အဓိကတာဝန်ဖြစ်သည်။ သို့ဖြစ်၍ ဆန်၊ ဆန်ကွဲပို့ကုန်တင်ပို့ပြီးပါက ပို့ကုန်ရငွေများသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သတ်မှတ်ချိန်အတွင်း ပြည်တွင်းရှိ AD ဘဏ်စာရင်းသို့ EDနှင့်အညီ ပြန်လည်ဝင်ရောက်ရေးကို အလေးအနက်ထား၍ဆောင်ရွက်ရန် တိုက်တွန်းထားသည်။

ပို့ကုန် ဆန်၊ ဆန်ကွဲ တင်ပို့မည့် ကုမ္ပဏီများအနေဖြင့် ပို့ကုန်လိုင်စင် တင်ပြလျှောက်ထားရာတွင် အထက်ဖော်ပြပါ လိုအပ်ချက်များကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်းနှင့် ပို့ကုန်တင်ပို့မှုအတွက် ကုန်ကြမ်းများကို ဝယ်ယူစုဆောင်းရာတွင် ကုမ္ပဏီတစ်ခုချင်းစီ၏ Export Plan နှင့် အဆိုပါ Export Plan နှင့်ကိုက်ညီသော ကုန်ကြမ်းဝယ်ယူစုဆောင်းမည့် Purchasing & Storage Plan တို့ကို စနစ်တကျပြုစုတင်ပြရန် လိုအပ်ပါကြောင်း သိရှိလိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးထားသည်။ အသင်းဝင်ကုမ္ပဏီများအနေဖြင့် မရှင်းလင်းသည်များရှိပါက အသင်းချုပ်ရုံးသို့ ဆက်သွယ်မေးမြန်းဆောင်ရွက်နိုင်ပါကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ထုတ်ပြန်ထားကြောင်း သိရသည်။

ဆန်နှင့် ဆန်ကွဲ အမျိုးအစား နှစ်ခုထဲက ဆန်တင်ပို့မှုကို ကြည့်ရင် ပြည်ပနိုင်ငံ ၁၅ နိုင်ငံက အဓိကဝယ်လိုအားရှိပြီး ယင်းတို့ထဲမှ အင်ဒိုနီးရှားနှင့် တရုတ်တို့က အများဆုံးဝယ်ယူသူတွေအဖြစ် ရှိနေသည်။ ဆန်ကွဲကိုတော့ ပြည်ပနိုင်ငံ ၁၃ ခုကနေ အများအပြား ဝယ်ယူလျက်ရှိပြီး တရုတ်၊ ဘယ်လ်ဂျီယံနှင့် အင်ဒိုနီးရှားနိုင်ငံတွေကနေ အများဆုံးဝယ်ယူလျက်ရှိတာကို စာရင်းများအရ သိရသည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ၂၀၂၄၊ ဧပြီမှ ၂၀၂၅ မတ်အထိ ဘဏ္ဍာနှစ်အတွင်း ဆန်၊ဆန်ကွဲတန်ချိန် ၂ ဒသမ ၅ သန်း တင်ပို့နိုင်ဖို့ ရည်မှန်းထားကြောင်းသိရသည်။ **ရွှေမန်း**



# ရေတိုက်စားမှုကြောင့် ပျက်စီးခဲ့သည့်လမ်းပိုင်းများနှင့် တံတားတစ်စင်းအား ပြန်လည်ပြုပြင်ပေး

**ကျောက်ဆည် နိုဝင်ဘာ ၁**



မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်စည်စီးဆင်းမှုပြတ်တောက်မှုမရှိစေရေး မိုးရွာသွန်းမှုများပြီး ရေတိုက်စားမှုကြောင့် ပျက်စီးခဲ့သည့် လမ်းပိုင်းများနှင့် တံတားစင်းအား ပြန်လည်ပြုပြင်ပေးခဲ့သည်။

ရေတိုက်စားမှုကြောင့် ပျက်စီးခဲ့သည့် လမ်းပိုင်းများနှင့် တံတားမှာ ဟန်မြင့်မိုရ်-မြို့ကြီး-ရှာင်-အောင်ပန်းလမ်းမှ သံရွာနှင့် ကင်းရွာကြားရှိ ၁၀ ကီလိုမီတာနှင့် ၁၂ကီလိုမီတာကြား ကတ္တရာလမ်းပိုင်းနှင့် အဆိုကတ္တရာလမ်းပိုင်းမှ တံတားအမှတ်(၃/၈) နောင်ခမ်းတံတားချဉ်းကပ်လမ်း၊ အမှတ်(၂)ခရိုင်ချင်းဆက်လမ်းမှ (၆၈)ကီလိုမီတာနှင့် (၆၉)ကီလိုမီတာကြားလမ်းပိုင်းနှင့် (၆၉ ဒသမ ၈)ကီလိုမီတာနှင့် (၇၀ ဒသမ ၄)ကီလိုမီတာ လမ်းပိုင်းအကြား၊ ကျောက်ဆည်တံတားဦးမြို့ချင်းဆက်လမ်းမှ (၁၀)ကီလိုမီတာနှင့် (၁၆)ကီလိုမီတာအကြားရှိ လမ်းပိုင်း(၇)နေရာ၊ ကျောက်ဆည်-တံစိုး-မင်းစု-ထုံးကြီး-မြစ်သားလမ်းမှ (၁၀)ကီလိုမီတာနှင့် (၁၁)ကီလိုမီတာကြားရှိ ရေတိုက်စားပျက်စီးသွားသည့် မင်းစုတံတားတို့ ဖြစ်သည်။

ဟန်မြင့်မိုရ်-မြို့ကြီး-ရှာင်-အောင်ပန်းလမ်းမှ သံရွာလမ်းသည် မန္တလေး-ကျောက်ဆည်-ရှာင်-တောင်ကြီးမြို့တို့အတွက် အဓိကကျသော လမ်းဖြစ်ကြောင်း၊ အမှတ်(၂) ခရိုင်ချင်းဆက်လမ်းသည် မိတ္ထီလာ-ကျောက်ဆည်-ပြင်ဦးလွင်ခရိုင်များနှင့် အဆိုပါခရိုင်အတွင်းရှိ မြို့နယ်အချို့နှင့် ကျေးရွာများအတွက် အဓိကကျသော လမ်းတစ်လမ်းဖြစ်ကြောင်းနှင့် ကျောက်ဆည်-တံတားဦးမြို့ချင်းဆက်လမ်းသည် ဒေသတွင်းကျေးရွာများအတွက် အဓိကကျပြီး ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးနှင့် ချိပ်ဆက်ထားသောလမ်းတစ်လမ်းဖြစ်ကြောင်း၊ကျောက်ဆည်-တံစိုး-မင်းစု-ထုံးကြီး-မြစ်သားလမ်းသည် ကျောက်ဆည်မြို့နှင့် မြစ်သားမြို့တို့အား ဆက်သွယ်ထားသော အတိုဆုံးလမ်းဖြစ်ကြောင်းနှင့် မင်းစု၊ လေးဆယ်ကုန်း၊ ကသဲကုန်း၊ အင်ယောင်းကျေးရွာအုပ်စု ကျေးရွာများ၏ ပြည်သူများအပြင် မင်းစု-ရှာမုန်-ဒါးရဲကောင်းလမ်းနှင့် ဆက်သွယ်ထားသည့် လမ်းဖြစ်သည့်အတွက် အခြားဒေသပြည်သူများအတွက် များစွာအကျိုးရှိသည့် လမ်းတစ်လမ်းဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ) (၄၈၅)

# အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၄၆)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အကြို သဘာဝဘေးအန္တရာယ်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အခန်းကဏ္ဍစာတမ်းဖတ်ပွဲ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၁**

ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၄၆)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အကြို သဘာဝဘေးအန္တရာယ်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအခန်းကဏ္ဍ၊ စာတမ်းဖတ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉နာရီက မန္တလေး၊ အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။

စာတမ်းဖတ်ပွဲအခမ်းအနားသို့ အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေ၊သပိတ်ကျင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်တင့်နှင့် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးများဖြစ်ကြသော ဦးဝင်းသူအောင်နှင့် ဦးဝင်းဌေး၊ အောင်မြေသာစံခရိုင်နှင့် သပိတ်ကျင်းခရိုင်အတွင်းရှိ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များဖြစ်ကြသော အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အငြိမ်းစားအရာရှိများ၊ စာတမ်းရှင်များနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။



အစီအစဉ်အရ အောင်မြေသာစံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ဒိုင်အဖွဲ့ကိုယ်စား ဦးဆန်းဝင်း(ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း)က အမှတ်ပေးစည်းမျဉ်းကို ရှင်းလင်းပြောကြားသည်။ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးများ၊ ဒိုင်အဖွဲ့ဝင်များ၊စာတမ်းရှင်များနှင့် တာဝန်ရှိသူများက စုပေါင်းအမှတ်တရဓာတ်ပုံရိုက်ကူးကြသည်။

ထို့နောက် အောင်မြေသာစံခရိုင်နှင့်သပိတ်ကျင်းခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း ၁၃ဦးတို့က သဘာဝဘေးအန္တရာယ်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အခန်းကဏ္ဍ စာတမ်း ၁၃ စောင်ကို ဖတ်ကြားကြကြောင်း သိရသည်။

(ဝဲပုံ) (၀၉၃)

# ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှု ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်

**မန္တလေး နိုဝင်ဘာ ၁**

အောင်မြေသာစံမြို့နယ်တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှု ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၈ နာရီက သီရိမာလာအရှေ့နှင့်အနောက်၊ ညောင်ကွဲ၊ ဒေါနဘွားရပ်ကွက်များ၌ ဆောင်ရွက်ခဲ့သည်။

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှု ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာသန့်ဇင်လင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာနှင့် မိခင်ကလေးစောင့်ရှောက်ရေးအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရာအိမ်မှူးများ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက စုပေါင်း၍ ရပ်ကွက်များအတွင်းရှိ ရေတွင်း၊ ရေကန်များအား ကလိုရင်းဆေးခတ်ခြင်း၊ဆေးဖျန်းခြင်း၊ အသိပညာပေးပြောကြားခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာသို့ အောင်မြေသာစံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေ၊ အောင်မြေသာစံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်(၂) ဦးဇော်လင်းဦး၊ အဖွဲ့ဝင်(၃) ဦးသိန်းလွင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းထွန်းလင်းတို့က လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၀၃၇)



# လုပ်ငန်းစီမံကိန်းအဆိုပြုချက်များနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ

**ကျောက်ဆည် နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့တွင် ၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ် လုပ်ငန်းစီမံကိန်းအဆိုပြုချက်များနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၃၁ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ဦးက ပြည်သူများလူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘဏ္ဍာငွေများ ဆုံးရှုံးမှုမရှိစေရေး အမှန်တကယ်လိုအပ်သည့်လုပ်ငန်းများကို တင်ပြတောင်းဆိုကြရန် ရှင်းလင်းဆွေးနွေးခဲ့ရာ သက်ဆိုင်ရာဌာနများမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ကဏ္ဍအလိုက်အသီးသီးတင်ပြဆွေးနွေးရာ ခွင့်ပြုလုပ်ငန်းများရရှိပါက သက်ဆိုင်ရာဌာနများမှ အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်အချိန်အတွင်း ဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(၄၈၅)



# ဒုတိယမီးသတ်ဦးစီးမှူး ရာထူးတိုးမြှင့်သူများအား အဆင့်တံဆိပ်တပ်ဆင်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး နိုဝင်ဘာ ၁**

ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးတွင် လက်ထောက်မီးသတ်ဦးစီးမှူးရာထူးမှ ဒုတိယမီးသတ်ဦးစီးမှူးသို့လည်းကောင်း၊ မီးသတ်တပ်ကြပ်ကြီးမှ လက်ထောက်မီးသတ်ဦးစီးမှူးရာထူးသို့ တိုးမြှင့်ခန့်ထားခံရသူများအား ရာထူးအဆင့်တံဆိပ်တပ်ဆင်ပွဲအခမ်းအနားကို အောက်တိုဘာ ၃၁ ရက် မွန်းလွဲ ၁ နာရီက ချမ်းအေးသာစံမြို့နယ်၊ ၈၁လမ်းနှင့် ၂၉လမ်းထောင့်၊ဗဟိုမီးသတ်စခန်း၊မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး လက်ထောက်မီးသတ်ဦးစီးမှူးမှ ဒုတိယမီးသတ်ဦးစီးမှူးသို့လည်းကောင်း၊ မီးသတ်တပ်ကြပ်ကြီးမှ လက်ထောက်မီးသတ်ဦးစီးမှူးသို့လည်းကောင်း ရာထူး တိုးမြှင့်ခံရသူများအား မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးညွှန်ကြားရေးမှူး၊ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းတို့က ရာထူးအဆင့်တံဆိပ် တပ်ဆင်ပေးခဲ့သည်။

အခမ်းအနားသို့ မန္တလေးခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ကိုကိုနှင့် ခရိုင်အရန်မီးသတ်ကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူးများ၊ မြို့နယ်အရန်မီးသတ်တပ်ခွဲမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)** (၀၄၅)

# ပြည်တွင်းစားသုံးဆီ ဖူလုံစေရေးအတွက် ဆီထွက်သီးနှံ အထူးဇုန် ၁၂ ဇုန် သတ်မှတ်ဆောင်ရွက်နေ

ပြည်တွင်းဆီဖူလုံစေရေးနှင့် ပြည်ပမှ စားအုန်းဆီတင်သွင်းမှု လျှော့ချနိုင်ရန် ဆီထွက်သီးနှံတွေ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် အထူးဇုန်တွေအဖြစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ခုနစ်ခုမှာ ဇုန် ၁၂ ဇုန်အဖြစ် သတ်မှတ်ဆောင်ရွက်နေကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံမှာ လူဦးရေတိုးတက်လာတာနှင့်အတူ ဆီစားသုံးမှု များပြားလာသလို တစ်လလျှင် ဆီတန်ချိန် တစ်သိန်းခန့် စားသုံးလျက်ရှိရာ ပြည်တွင်းစားသုံးဆီထုတ်လုပ်မှုမှာ လုံလောက်မှုမရှိသည့်အတွက် ပြည်ပကနေ စားအုန်း ဆီတွေကို နှစ်စဉ်တင်သွင်းနေရသည်။

၂၀၂၄-၂၀၂၅ ခုနှစ်မှာ ဆီထွက်သီးနှံတွေ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် စီမံကိန်းလျာထားချက်အတွင်း မြေပဲ၊ နှမ်း၊ နေကြာ စုစုပေါင်းလျာထား ဧက ၇ ဒသမ ၉၅ သန်း၏ ၃၈ ရာခိုင်နှုန်းဖြစ်သည့် ဧက ၃ သန်း လျာထားပြီး မြေပဲသီးနှံတစ်ဧကအထွက်နှုန်း ၅၆တင်း၊နှမ်းသီးနှံတစ်ဧကအထွက်နှုန်း ၁၂ တင်းနှင့် နေကြာသီးနှံတစ်ဧကအထွက်နှုန်း ၂၅ တင်းရရှိအောင် စိုက်ပျိုးထုတ်လုပ်သွားမှာ ဖြစ်သည်။

ပြည်တွင်းတောင်သူများ စိုက်ပျိုးထုတ်လုပ်သည့် မြေပဲ၊ နှမ်း၊ နေကြာများ ထွက်ရှိချိန်တွင် ပြည်ပမှ စားအုန်းဆီတင်သွင်းမှုကိုလျှော့ချကာ တင်သွင်းပြီး ပြည်တွင်းဆီထုတ်လုပ်မှု အားကောင်းစေရန် လုပ်ဆောင်သင့်သည်။

သို့မှသာ တောင်သူများ စိုက်ပျိုးထုတ်လုပ်သည့် ဆီထွက်သီးနှံများ သင့်တင့်သည့်ဈေးကွက်ဈေးကောင်းရရှိပြီး ပြည်တွင်းဆီစက်များ လည်ပတ်နိုင်ကာ စိုက်ပျိုး ကွင်းဆက်တစ်ခုလုံးအတွက် အကျိုးများစေမည်ဖြစ်သည်။

မြေပဲဆန်မှာ ပြည်တွင်းဆီအတွက် စားသုံးမှုများသလို၊နှမ်းဆီကို အနည်းငယ်သာစားသုံးပြီး နှမ်းကို တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့လျက်ရှိရာ ဈေးကောင်းရသည့် ပို့ကုန်အမယ်တစ်မျိုးဖြစ်သည်။

ပြည်တွင်းဆီစက်များ၏ လည်ပတ်အားကောင်းလာခြင်းသည် ပြည်ပမှဆီတင်သွင်းမှုကို လျှော့နည်းပါက နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်မည်။ထို့ပြင် ဆီစက်များမှထွက်ရှိသည့် ပဲဖက်၊ နှမ်းဖက်၊ နေကြာဖက်များမှာလည်း ပြည်တွင်းတိရစ္ဆာန်အစာအတွက် ဖြည့်ပေးနိုင်ကြောင်း သိရသည်။

**(အောက်ပုံ) ရွှေမန်း**



# အချိန်ရေစီးကြောင်းထဲမှာ ရွေ့လျားတိုးတက်လာနေသော မန္တလေး

**မန္တလေးဟုဆိုလျှင် မင်းတုန်းမင်းကြီး မြို့တည်နန်းတည်ခဲ့သည်ဟု သိကြသည်။ နောင်တော် ပုဂံမင်းကို အောင်နိုင်ပြီးနောက် တိုင်းပြည်အုပ်ချုပ် မင်းလုပ်သည့်အခါ အမရပူရနန်းမြို့တော်ကို ထားရစ်၍ ထီးပေါင်းကားအရပ်ဟုဆိုသော မန္တလေးတောင်ရှိရာအရပ်သို့ ပြောင်းရွှေ့ မြို့နန်းတည်လိုသည့်ဆန္ဒကို အကောင်အထည်ဖော်ခဲ့သည်။ မြို့နန်းသစ်တည်ခြင်းနှင့်ပတ်သက်ပြီး ကန့်ကွက်သူက တစ်အုပ်စု၊ ထောက်ခံသူက တစ်အုပ်စုရှိပြီး မြို့နန်းသစ်တည်သည့်ဘက်က အနိုင်ရကာ မန္တလေး(ရတနာပုံ)မြို့ ပေါ်ပေါက်လာခြင်း ဖြစ်လေသည်။**



"မင်းတုန်းမင်းက မန္တလေးကို မြို့နန်းသစ်တည်မယ်ဆိုတော့ အတိုက်အခံတွေ အများကြီးရှိခဲ့တယ်။ သက်ဦးဆံပိုင်ဘုရင်ဆိုသော်ငြားလည်း ထီးနန်းရပြီးချင်း သူလုပ်ချင်တာလုပ်တဲ့ အနေအထားမျိုး မရှိဘူး။ အမရပူရမှာ (၄)နှစ်လောက်နေခဲ့တယ်။ သက်ဦးဆံပိုင်ဘုရင်ဆိုပြီး သူလုပ်ချင်ရာလုပ်တဲ့ စိတ်နည်းနည်းလေး ရှိတာကလွဲလို့ ပြည်သူအများရဲ့ ဆန္ဒကို မသွေဖည်ဘူး။ မြို့နန်းပြောင်းရွှေ့မယ်ဆိုတော့ အစည်းအဝေး(၆)ကြိမ်လောက်လုပ်ခဲ့ရာမှာ ပြောင်းသင့်တဲ့အဖွဲ့ရှိသလို မပြောင်းသင့်ဘူးဆိုတဲ့ အဖွဲ့ကလည်း လျှောက်တင်ကြတော့ ပြောင်းသင့်တဲ့ဘက်က မဲများတော့ ပြောင်းဖြစ်ခဲ့တယ်။ ပြောင်းသင့်တဲ့အဖွဲ့က နိုင်လို့ ပြောင်းမယ်ဆိုတော့ အသက်ကယ်ရှည်စေလိုမန်းတောင်ရိပ်ခိုဆိုတဲ့အတိုင်း ပြည်သူ၊ ပြည်သားတွေ မပင်ပန်းစေချင်ဘူး။ နန်းတော်ကစလို့ ဘုန်းတော်ကြီးကျောင်းတွေကို ပြောင်းရွှေ့တည်ဆောက်တာတွေရှိတယ်"ဟု ရှေးဟောင်းသုတေသနပညာရှင် ဦးပေါက်ပေါက်က ရွှေနန်းတော်ကျောင်းကြီးနှင့် သမိုင်းဝင်ရှေးဟောင်းလက်ရာ ဘုန်းတော်ကြီးကျောင်းများ ဟောပြောပွဲတွင် ပြောကြားခဲ့သည်။

မင်းတုန်းမင်းသည် ဘာသာသာသနာရေးနှင့်ပတ်သက်ပြီး ယုံကြည်ကိုးကွယ်မှုလွန်ကဲသည့်အတွက် ပဉ္စမသင်္ဂါယနာတင်ပြီး ပိဋကတ်သုံးပုံကို ကျောက်ထက်အက္ခရာမှတ်တမ်းတင်ခဲ့သည်။ အလှူအတန်းလည်း ရက်ရောသည်။ ဘာသာရေး၊ သာသနာရေးဆိုင်ရာဆွေးနွေးခြင်း၊ဥပုသ်သီတင်းသီလဆောက်တည်ခြင်း၊ စာတော်ပြန်ပွဲများကျင်းပခြင်းစသည့် ဘာသာသာသနာနှင့်ပတ်သက်သည့် ကိစ္စရပ်များအတွက် သုဓမ္မာဇရပ်ဆောက်လုပ်ခဲ့တယ်။ မန္တလေးတောင်ခြေ၌ စံနန်းတော်နှင့် မန္တလေးတောင်ခြေမြောက်ဘက်တွင် ရွှေကျင်ကျောင်း၊ အရှေ့ပြင် နန်းတော်ရှေ့၊ ၆၂လမ်းမြောက်မှ တောင်ဘက်သို့ ဘုန်းတော်ကြီးကျောင်းများ၊ အနောက်ပြင်၊ တောင်ပြင်တို့တွင်လည်း ဘုန်းတော်ကြီးကျောင်းများ နေရာချထားပေးခဲ့သည်။

နန်းမြို့ပြင်ပတွင် မြို့တော်၏ ရပ်ကွက်နယ်နိမိတ်များ ပိုင်းခြားသတ်မှတ်သည့် ရွှေကြိုးသတ်နယ်နှင့် မြို့တော်နယ်နိမိတ်အဝင် ကျေးရွာအားလုံးကို ရာဇဌာနီဟု သတ်မှတ်သည်။ မြန်မာနှစ် ၁၂၂၄ ခုနှစ်တွင် မြို့တော်၏ လေးပြင်လေးရပ်တွင် လမ်းများ၊ နေအိမ်များ ချထားသည်။ဥယျာဉ်များ တည်ဆောက်ခြင်း၊ ရေမြောင်းများ ဖောက်လုပ်ခြင်းနှင့် အရှေ့ပြင်၊ အနောက်ပြင်၊ တောင်ပြင်၊ မြောက်ပြင်ဆိုပြီး လေးပြင်လေးရပ် ပိုင်းခြား၍ ရပ်ကွက်ဌာနပေါင်း ၅၄ ခု သတ်မှတ်ကာ မြို့ဝန်(၄)ဦးကို တာဝန်ပေးအုပ်ချုပ်စေခဲ့သည်။ မြို့တော်သန့်ရှင်းရေးနှင့် မြို့နေလူထုအတွက် လိုအပ်သည်များ ဖြေရှင်းဆောင်ရွက်ပေးရသည်။

**ယနေ့မန္တလေး**

ယနေ့ မန္တလေးမြို့ကို မြို့နယ်(၆)ခု ခွဲ၍ မြို့တော်ဝန်ဦးဆောင်သည့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက မြို့ပြသာယာလှပရေးနှင့် မြို့နေလူထုလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ စည်ပင်သာယာရေးကော်မတီတွင် လုပ်ငန်းစဉ်များကို ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးနိုင်ရန် ဌာန(၁၄)ခု ဖွဲ့စည်းကာ မြို့နေလူထု၏ လိုအပ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနေပါသည်။

ဌာန(၁၄)ခုမှ သန့်ရှင်းရေးဌာနသည် နေ့စဉ်ရပ်ကွက်အတွင်းမှ အမှိုက်များ ရှင်းလင်းခြင်း၊ ရေမြောင်းများတွင် စည်းကမ်းမဲ့စွန့်ပစ်သည့် အမှိုက်သရိုက်များကို ဆယ်ယူ၍ ရေစီးရေလာကောင်းမွန်အောင်ဆောင်ရွက်ခြင်း စသည့် လုပ်ငန်းများကို လုပ်ဆောင်ရသည်။ လမ်း၊တံတားဌာနသည် မြို့တွင်းလမ်းများ၊ လူသွားလမ်းများ ဖောက်လုပ်ခြင်း၊ ပြုပြင်ခြင်း၊ ယာဉ်အန္တရာယ်ကင်းဝေးရန် အသိပေးဆိုင်းဘုတ်များ၊ လမ်းအမှတ်အသားများ အစရှိသောလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ အဆောက်အအုံနှင့် ကုန်ရုံဌာနသည် မီးပွိုင့်များတပ်ဆင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် အခြားလုပ်ငန်းများ ဆောင်ရွက်သည်။

ရေနှင့် သန့်ရှင်းမှုဌာနမှ သောက်သုံးရေရရှိရေး၊ ရေဆိုးများကို သန့်စင်ရေးနှင့် မိလ္လာများ စနစ်တကျစွန့်ပစ်နိုင်ရေး အစရှိသော လုပ်ငန်းများ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနအနေဖြင့် မြို့တော်သာယာလှပရေးအတွက် လူထုအပန်းဖြေဥယျာဉ်များ တည်ဆောက်ခြင်း၊ လမ်းဘေးဝဲယာတို့တွင် အရိပ်ရပင်များ၊ မျက်စိပသာဒ ရှိစေမည့် ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ ရှင်သန်အောင် ရေလောင်းပေါင်းသင်ခြင်း စသည့်လုပ်ငန်းများ လုပ်ဆောင်နေသည်ကို တွေ့ရသည်။

အလားတူ အခြားအခြားသောဌာနအသီးသီးကလည်း မြို့တော်သန့်ရှင်းသာယာလှပရေးနှင့် မြို့နေလူထုအတွက် လိုအပ်သောဝန်ဆောင်မှုများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်ဆည်းဆောင်ရွက်နေကြသည်။ လမ်းဖောက်ခြင်း၊ လမ်းခင်းခြင်း၊ လမ်းပြင်ခြင်း၊ မြောင်းဖောက်ခြင်း၊ မြောင်းဆယ်ခြင်း၊စွန့်ပစ်အမှိုက်များကို အမှိုက်သိမ်းယာဉ်များဖြင့် စနစ်တကျသိမ်းဆည်း၍ မြို့ပြနှင့်ဝေးသောနေရာသို့ သွားရောက်စွန့်ပစ်ခြင်း၊ သောက်သုံးရေဖြန့်ဖြူးခြင်းနှင့် ရေဆိုးများသန့်စင်ခြင်း၊ယာဉ်အန္တရာယ်ကင်းဝေးစေရေး လမ်းအမှတ်အသားများဆောင်ရွက်ခြင်း၊ ရပ်ကွက်နေအိမ်များ အလွယ်တကူရှာဖွေနိုင်မည့် လမ်းညွှန်ဆိုင်းဘုတ်များထားရှိခြင်း စသည်တို့တွင် ခေတ်နှင့်အညီ တိုးတက်လာစေရေး ဆောင်ရွက်နေကြသည်။

တိုးပွားလာသည့် လူဦးရေနှင့်အတူ မြို့ပြဇရိယာသည် မန္တလေးတောင်၏ တောင်ဘက်အရပ်ဆီသို့ ရွေ့လျားခဲ့ပြီး ချမ်းမြသာစည်မြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်ဟူ၍ ပိုင်းခြားဖွဲ့စည်းခဲ့ရသည်။ မြို့တွင်းမှ ကျူးကျော်နေအိမ်များ၊ မီးလောင်ဆုံးရှုံးသူများအား မြေနေရာ ပြန်လည်ချထားပေးခြင်းများဖြင့် တောင်အရပ်ဆီသို့ မြို့ပြဇရိယာ ကျယ်ပြန့်လာခဲ့သည်။ မန္တလေးသည် ဧရာဝတီမြစ် အရှေ့ဘက်ကမ်းတွင် တည်ရှိသဖြင့် ရေကြောင်းလမ်း၊ တရုတ်-အိန္ဒိယနိုင်ငံများနှင့် ဆက်သွယ်နိုင်သည့် လမ်းကြောင်းနှင့် နိုင်ငံ၏ အလယ်ပိုင်းတွင်ရှိ၍ ဒေသအသီးသီးတို့ ပေါင်းဆုံသည့် ကုန်းလမ်းနှင့် လေကြောင်းလမ်းတို့ဆုံရာ ဖြစ်သည်။ စီးပွားရေး အချက်အချာကျပြီး ယဉ်ကျေးမှုမြို့တော်ဖြစ်သည့်အားလျော်စွာ မြို့ပြလူဦးရေနှင့် လူနေရပ်ကွက် ဧရိယာကျယ်ပြန့်လာခြင်းဖြင့် မန္တလေးမြို့ကြီးသည် အနာဂတ်ဆီသို့ ရွေ့လျားလျက်ရှိပါသည်။သို့ဖြစ်၍ မြို့တော်သန့်ရှင်းသာယာလှပရန် လိုအပ်သည်ဟုဆိုရပါမည်။



မန္တလေးမြို့တော်ကြီးသည် ကုန်းဘောင်ခေတ်နောက်ပိုင်း ကိုလိုနီခေတ်မှသည် ခေတ်အဆက်ဆက်ဖြတ်သန်းခဲ့ရာတွင် မြို့ပြလူနေရပ်ကွက်များတိုးတက်များပြားလာခြင်းနှင့်အတူ လမ်းများ၊ တံတားများ၊ ရေစီးမြောင်းများ၊ အမှိုက်စွန့်ပစ်ခြင်းနှင့် သိမ်းဆည်းစနစ်၊ မြို့ရေပေးရေးစနစ်၊ ယာဉ်ကြောရှင်းလင်းရေးစနစ်စသည်တို့သည် ယနေ့မျက်မှောက်ကာလ၌ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လာသည့် မန္တလေး၏ အရွေ့များဖြစ်ပြီး မြို့တော်သန့်ရှင်းသာယာလှပရေး၊ ဥယျာဉ်မြို့တော်ဖြစ်စေရေး၊ စိမ်းလန်းအေးချမ်းသည့် မြို့တော်ဖြစ်စေရေးအတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းဌာနအသီးသီးက ဆောင်ရွက်ပေးလျက်ရှိသည်။ သူတို့သည်လည်း မန္တလေးမြို့၏ တိုးတက်ပြောင်းလဲလာသော အရွေ့များနှင့်အတူ ပို၍ ပို၍ အားစိုက်ကြိုးစားနေကြရပြီ ဖြစ်ပါ၏။

အောက်တိုဘာ ၃၁ ရက်က မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမတွင် ပြုလုပ်သည့် မန္တလေး (၆)မြို့နယ်၊ သန့်ရှင်းသာယာလှပရေး၊ စာတမ်းဖတ်ပွဲသို့ တက်ရောက်ခဲ့သူ အငြိမ်းစားတာဝန်ရှိသူတစ်ဦးက ပြောကြားရာတွင် "သန့်ရှင်းသာယာလှပရေးလုပ်ငန်းတွေမှာ အရှိန်အဟုန်မြှင့် လုပ်ဆောင်ဖို့ လိုအပ်လျှင် ယာဉ်နှင့်စက်ယန္တရားတွေ ဝယ်ယူရမှာပါ။ ဝန်ထမ်းလိုအပ်ချက်ရှိရင်လည်း ခန့်ထားပြီး တက်ညီလက်ညီ ဆောင်ရွက်ကြဖို့လိုပါတယ်။ ပန်းအလှပင်တွေ၊ လူထုအပန်းဖြေဖို့ ဥယျာဉ်တွေနှင့် အရိပ်ရပင်တွေ၊ ပန်းအလှပင်တွေ စိုက်ပျိုးပြီး လှလှပပဖြစ်အောင်၊ ရှင်သန်အောင် ထိန်းသိမ်းတတ်ဖို့ လိုတယ်။ လိုအပ်တဲ့ပစ္စည်းတွေ စက်ယန္တရားတွေ ဖြည့်ဆည်းဖို့၊ ယာယီနေ့စားလိုရင်လည်း ခန့်ထားပြီး တကယ်အလုပ်လုပ်ကြဖို့ ဌာနအသီးသီးရဲ့ တာဝန်ရှိသူတွေက ကြိုးကြပ်ကွပ်ကဲဆောင်ရွက်ကြဖို့ ပြောချင်တယ်။ မြို့တော်ဝန်က နိဂုံးချုပ်အမှာစကားမှာ ထည့်သွင်းပြောကြားခဲ့ပါတယ်"ဟု ပြောပြခဲ့သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် မြို့တော်သန့်ရှင်းသာယာလှပ၍ မြို့နေလူထုစိတ်ချမ်းသာရမည်ဆိုသော ရည်မှန်းချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် နှစ်စဉ် ဘတ်ဂျက်လျာထားလျက် ဌာနအသီးသီးက အကောင်အထည်ဖော်ဆောင်ရွက်နေကြသည်။ ဘတ်ဂျက်ငွေချထားမှုပေါ် မူတည်၍ ဆောင်ရွက်ရသည့်အတွက် အားနည်းချက်၊ အားသာချက်များလည်း ရှိကြောင်း၊၂၀၂၄ခုနှစ်၊ အောက်တိုဘာ ၃၁ ရက်က မန္တလေးမြို့တော်စည်ပင်သာယာခန်းမတွင် ကျင်းပခဲ့သည့် (၆)မြို့နယ်၊ သန့်ရှင်းသာယာလှပရေး စာတမ်းရှင်များက တင်ပြခဲ့ကြသည်။ ထိုတင်ပြချက်များအပေါ် စည်ပင်သာယာရေးကော်မတီအနေဖြင့် အတတ်နိုင်ဆုံးဖြည့်ဆည်းသွားမည်ဟုလည်း မြို့တော်ဝန်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

မည်သို့ဆိုစေ။ မင်းတုန်းမင်း တည်ထားခဲ့သည့် မန္တလေးသည် ယနေ့မျက်မှောက်အချိန်တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းညွှန်မှုခံယူပြီး မြို့တော်ဝန်နှင့်အတူ မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဆုံးဖြတ်လမ်းညွှန်ချက်များကို ဌာန ၁၄ခုမှ အမှုထမ်း၊ အရာထမ်းတို့က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါ၏။ သို့ဖြစ်ရာ မနက်ဖန်ဆိုသော နေ့ရက်များတွင် ပို၍ပို၍ သာယာလှပလာတော့မည်၊သန့်ရှင်းလာတော့မည်၊ ခေတ်မီတိုးတက်ဖွံ့ဖြိုးလာတော့မည်ဟု ဆိုချင်ပါတော့သည်။

ခိုင်ဆက်ဝေ

ဖတ်စရာ၊ မှတ်စရာ
စုံလင်

# ရွှေစစ်သည်ကျေးရွာ အထက(ခွဲ)၌ လူငယ်စကားဝိုင်းကျင်းပ




**မိတ္ထီလာ နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ရွှေစစ်သည်ကျေးရွာ အထက(ခွဲ)၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို အောက်တိုဘာ ၃၀ ရက် နံနက် ၉နာရီက ကျင်းပခဲ့သည်။

အဆိုပါလူငယ်စကားဝိုင်းမစတင်မီ ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့် ခရိုင်ပညာရေးမှူး ဒေါ်မော်မော်တို့က အမှာစကားပြောကြားကြသည်။ ဆက်လက်၍ မြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာ ရွှေညာမြေမြတ်သင်းကြိုင်က လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားပြီး စာရေးဆရာကိုသစ္စာ(ထီလာ)နှင့် စာရေးဆရာစံလင်းဦးတို့က လူငယ်အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်စေမည့်ကဗျာများကို ရွတ်ဖတ်ကြသည်။ ၎င်းနောက် ကျောင်းအုပ်ဆရာမ ဒေါ်ရီရီခိုင်က ကျောင်းတွင် လူငယ်စကားဝိုင်း လာရောက် ကျင်းပပေးခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် လူငယ်စကားဝိုင်းကို ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော် ဦးဆောင်၍ ကျောင်းသား၊ ကျောင်းသူငါးဦးက လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်စာဖတ်ခြင်း၊ လူငယ်နှင့်မူးယစ်ဆေးဝါး၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့် စာရိတ္တခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် ကျောင်းသူ၊ကျောင်းသားများထဲမှ ကျောင်းသူ၊ကျောင်းသားငါးဦးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၅၃)

# ကျေးရွာစာကြည့်တိုက် ဆောက်လုပ်နေမှုအခြေအနေများအား ကွင်းဆင်းစစ်ဆေး

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၁**

ကျေးရွာနေပြည်သူများ စာပေဖတ်ရှုလေ့လာနိုင်စေရန်အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း၏ ပံ့ပိုးမှုဖြင့် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ လယ်ယားတောင်ကျေးရွာအုပ်စု၊ တောင်ခြေကျေးရွာတွင် စာကြည့်တိုက်ဆောက်လုပ်လျက်ရှိရာ အဆောက်အအုံပြီးစီးမှုအခြေအနေများကို ယမန်နေ့မွန်းလွဲ ၁ နာရီခွဲက မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုး ကွင်းဆင်းကြည့်ရှုစစ်ဆေး၍ ကျေးရွာတာဝန်ရှိသူများနှင့်တွေ့ဆုံကာ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။



တိုင်းဒေသကြီးဦးစီးမှူး၊ ညွှန်ကြားရေးမှူးသည် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းရန်ပုံငွေ ကျပ်သိန်း ၁၅၀ ဖြင့် ဆောက်လုပ်နေသည့် လယ်ယားတောင်ကျေးရွာအုပ်စု တောင်ခြေကျေးရွာစာကြည့်တိုက် ဆောက်လုပ်နေမှုအခြေအနေအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းမီသည့် အဆောက်အအုံဖြစ်စေရေးနှင့် သတ်မှတ်ချိန်အတွင်း ပြီးစီးရန် ပရိဘောဂ၊ စာအုပ်စာစောင်များ တစ်ပါတည်း ဖြည့်ဆည်းထားရှိနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်တို့ကို ကျေးရွာစာကြည့်တိုက်ကော်မတီဝင် ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ရင်းရင်းနှီးနှီး ဆွေးနွေးမှာကြားသည်။

အဆိုပါ တောင်ခြေကျေးရွာ၊ ကျေးရွာစာကြည့်တိုက်မှာ အလျားပေ ၂၀၊ အနံ ၁၅ ပေနှင့် အမြင့် ၁၂ ပေရှိ အုတ်ညှပ်(၁)ထပ် အဆောက်အအုံဖြစ်ပြီး ဆောက်လုပ်နေမှုအခြေအနေမှာ လုပ်ငန်းအားလုံး၏ ၃၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရပြီး နိုဝင်ဘာလလယ်ခန့်တွင် ရာခိုင်နှုန်းပြည့် ပြီးစီးရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

(၄၅၆)

## လ တန်ဆောင်တိုင်

\- - - - - - - - - -

* ရွှေရောင်အဆင်း၊ ဝါဝင်းရှင်းသန့်
သင်းပျံ့ပွင့်လန်း၊ ခဝဲပန်းတို့
အေးချမ်းသာယာ၊ မြေကမ္ဘာတွင်
ဝေဆာလှပ၊ တန်ဆောင်လ ။

* ရာသီမိဿာ၊ ကြတ္တိကာနက္ခတ်
ယှဉ်လာထပ်လောင်း၊ မိုးနှောင်းဆောင်းဝင်
ကောင်းကင်ပြင်ဝယ်၊ ကြယ်စင်ဝန်းရံ
လဗိမာန်နှင့်၊ ဝဲပျံလေထဲ
မီးထွန်းပွဲတော်၊ ဆင်နွှဲပျော်သည်
ပူဇော်ဆီမီး၊ ထိန်ထိန်ညီး ။

* ဗုဒ္ဓမြတ်စွာ၊ သာသနာကို
သဒ္ဓါပြည့်ဖြိုး၊ စဉ်ရိုကျိုးလျက်
မသိုးသင်္ကန်း၊ လက်ရက်ကန်းဖြင့်
လှူဒါန်းဆက်ကပ်၊ ထူးမြတ်ဘုန်းရှိန်
ဘုံကထိန်ပွဲ၊ ခြိမ့်ခြိမ့်သဲမျှ
ကျင်းပမြို့ရွာ၊ ကုသိုလ်ရာသည်
ကြည်သာရွှင်ပြုံး၊ တန်ဆောင်မုန်း ။ ။

မောင်ဘိုသိန်း(မန္တလေး)

# မြို့မ(အ.ထ.က)ကျောင်းတွင် စာဖတ်ရှိန်မြင့်မားရေးအတွက် အသိပညာပေးဟောပြောပွဲနှင့် စာအုပ်၊ စာစောင်ပြပွဲ ကျင်းပ

**မြစ်သား နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် မြို့မ(အ.ထ.က)ကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြင့်မားရေးအတွက် အသိပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင်ပြပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်က အသိပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင်ပြပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရန်နှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးအကြောင်းအရာများကို ဟောပြောခဲ့သည်။ ဆက်လက်၍ ဒုတိယဦးစီးမှူး ဒေါ်ဆုရည်ထွေးက စာပေဖတ်ရှုခြင်းအားဖြင့် အသိပညာဗဟုသုတများ တိုးပွားခြင်း၊ ဘဝတိုးတက်အောင်မြင်မှု ရရှိလာနိုင်ပုံများ၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများအကြောင်း ဟောပြောခဲ့သည်။

ထို့နောက် ဟောပြောပွဲအပြီးတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာအုပ်စာစောင်များကို ကျောင်းသား၊ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ၊ ဒုတိယဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့မ(အ.ထ.က)ကျောင်းမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ် စာပေ လေ့လာစို့။**



# ရဟန်း သာမဏေနှင့် သီလရှင် အပါး ၁၅၀၀ ကို လစဉ် ဘုံဆွမ်းလောင်းမည်

**မန္တလေး နိုဝင်ဘာ ၁**

လစဉ် အင်္ဂလိပ် ၃ရက်နေ့တိုင်း ဘုံဆွမ်းလောင်းနေသော သံဃာဟိတပါလ ဘုံဆွမ်းလောင်းအသင်းသည် နိုဝင်ဘာ ၃ရက် နံနက်ပိုင်းတွင် ရဟန်းသာမဏေနှင့် သီလရှင်ဆရာကြီး/လေး အပါး ၁၅၀၀ကို ယခုလမှ စတင်၍ လစဉ်ဘုံဆွမ်းလောင်းမည် ဖြစ်သည်။

"အသင်းတည်ထောင်တာ ၁၂နှစ်ကျော်ပါပြီ ကိုဗစ်ကာလမှာလည်း မနားဘဲကြိုးစားပြီး ဘုံဆွမ်းလောင်းခဲ့ပါတယ်၊ လွန်ခဲ့တဲ့နှစ်လက နားဖို့ လုပ်ခဲ့ပေမယ့် အနယ်နယ်အရပ်ရပ်က စေတနာရှင်ကုသိုလ်ရှင်တွေ ဝိုင်းဝန်းလှူဒါန်းတာကြောင့် ယခုလမှစ၍ ရဟန်းသာမဏေ အပါး ၈၀၀ သီလရှင်ဆရာကြီး/လေး အပါး၇၀၀ စုစုပေါင်း သံဃာအပါး ၁၅၀၀ ကို ဘုံဆွမ်းလောင်းတော့မှာ ဖြစ်ပါတယ်" ဟု သံဃာဟိတပါလ ဘုံဆွမ်းလောင်းအသင်း ဦးဆောင်သူ ဦးစိုးဝင်းအောင်က ပြောသည်။



ယခုအခါအကြောင်းအမျိုးမျိုးကြောင့် ဘုံဆွမ်းလောင်းအသင်းများ ရပ်နားမှုများပြားလာချိန် ရဟန်းသာမဏေနှင့် သီလရှင်ဆရာကြီး/လေးများ ဆွမ်းအခက်အခဲမရှိစေရန် မျှော်မှန်းကာ သံဃာဟိတပါလ ဘုံဆွမ်းလောင်းအသင်းက ယခုလထိ လစဉ် ဘုံဆွမ်းလောင်းလှူဒါန်းလျက်ရှိရာ ၁၂နှစ်ကျော် သက်တမ်းရှိပြီးဖြစ်သည်။

လစဉ် ဘုံဆွမ်းလောင်းနိုင်ရန် အတွက် တစ်ဦးလျှင် ၃၀၀၀ကျပ်နှုန်းဖြစ်စေ၊ ဆွမ်း၊ အရံဟင်း၊ အသားဟင်း တစ်မျိုးမျိုးဖြစ်စေ ပါဝင်လှူဒါန်းလိုပါက ဖုန်းနံပါတ် ၀၉-၇၉၇၂၉၇၀၆၈၊ ၀၉-၉၁၀၀၀၇၄၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ) (၀၄၅)



## ဆရာတော်၊ သံဃာတော်များ ဘုံဆွမ်းလောင်း လှူဒါန်း

**မန္တလေး နိုဝင်ဘာ ၁**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ရုံးရှေ့တွင် အောက်တိုဘာ ၃၁ရက် နံနက် ၅နာရီခွဲက မြို့နယ်အရန် မီးသတ်တပ်ဖွဲ့ တပ်ခွဲ၃တပ်ခွဲမှူး မောင်မောင်(ခ) ဇော်ဝင်းအောင်၊ ရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ တပ်စုမှူး တင်မောင်ဆန်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ မိသားစုဝင်များ ပူးပေါင်း၍ (၁၇၅)ကြိမ်မြောက်အဖြစ် လေးပြင်လေးရပ်မှ ဆွမ်းခံ ကြွရောက်လာသော ဆရာတော် သံဃာတော် အပါး၁၂၀ ကျော်အား ဆွမ်း၊ ဝက်သားချက်၊ ကြက်ဥချက်၊ ကုလားပဲနှပ်၊ ငါးလေးခြောက် ငရုတ်သီးကြော်၊ ပဲတီချဉ်သုပ် စသည့် ဆွမ်း၊ ဆွမ်းဟင်းလျာများ လောင်းလှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၀၇၀)

## (၂၇)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ခနုံးကျေးရွာ အတိစိတ္တသုခမ္မောရုံတွင် ယမန်နေ့နံနက် ၈နာရီက ၇၅နှစ်နှင့်အထက် သက်ကြီးအဘိုး၊ အဘွားများအား (၂၇)ကြိမ်မြောက် ပူဇော်ကန်တော့ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မိုးထက်ယံတေးဂီတ လူငယ်မောင်မယ်များက ၇၅နှစ်အထက် အဘိုး၊ အဖွား ၅၆ဦးတို့ကို ကန်တော့ ရှစ်ခိုးကြပြီး တစ်ဦးလျှင် ငါးသောင်းကျပ်ဖြင့် ပေးအပ်လှူဒါန်းရာ အသက်၁၀၁နှစ်ရှိ အဘိုးဦးယဉ်ဗိုလ်က ဆုပေးစကား ပြောကြား၍ "ဗုဒ္ဓသာသနံစိရံတိဋ္ဌတု" ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

မန္တလေးနေ့စဉ်-၃



## (၁၇)ကြိမ်မြောက် စုပေါင်းဘုံကထိန်တော်သို့ ပဒေသာပင်များ လှူဒါန်း

**မန္တလေး နိုဝင်ဘာ ၁**

မန္တလေးမြို့၊ တောင်စလင်းတိုက်သစ်ဘာဝနာဌာန၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တတိက္ခအဘိဓဇမဟာဂုရု ဦးဆောင်သည့် နယ်စပ်တောင်တန်းဒေသ (၁၇)ကြိမ်မြောက် စုပေါင်းဘုံကထိန်တော်သို့ ရပ်ဝေးရပ်နီးမှ ပဒေသာပင်တစ်ပင်ကို ငွေကျပ်တစ်သိန်းတစ်သောင်းနှုန်းဖြင့် လှူဒါန်းကုသိုလ်ပြုလျက်ရှိသည်။ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်နေ အလှူရှင်ရှင် ဦးမြင့်ဝေ(ခ) ဦးတူး+သုမ္မောသိင်္ဂီ ဒေါ်သင်းသင်းရီ(စည်သာဖြိုး ဆောက်လုပ်ရေးနှင့် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)မိသားစုက ပဒေသာပင်သုံးပင်ကို ယမန်နေ့က လှူဒါန်းရာ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေး အသင်းချုပ်ရုံး(မန္တလေး) ဥက္ကဋ္ဌဦးလှဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

(ယာပုံ)

အလားတူ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်နေ အလှူရှင် ဦးမျိုးမင်းအား ရည်စူး၍ ဇနီး ဒေါ်နီလာ မိသားစုက ပဒေသာပင်တစ်ပင်၊ မန္တလေးမြို့နေ အလှူရှင် ဒေါ်ကြည်ဝင်း မိသားစုက ပဒေသာပင်တစ်ပင်၊ ရန်ကုန်မြို့နေ အလှူရှင် ဦးထွန်းဦးလှကို ရည်စူး၍ ပဒေသာပင်တစ်ပင်၊ မန္တလေးမြို့နေ အလှူရှင် ဦးကျော်ဇင်သန့်+ဒေါ်ဇီဇဝါလွင် မိသားစုက ပဒေသာပင်တစ်ပင်၊ မန္တလေးမြို့နေ အလှူရှင် ဦးအောင်ဖြိုးပိုင်+ဒေါ်အင်ကြင်ဦး မိသားစုက ပဒေသာပင်တစ်ပင်၊ မန္တလေးမြို့နေ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် ဒိုင်လူကြီးအဖွဲ့ဝင်များက စုပေါင်း၍ ပဒေသာပင်တစ်ပင် အသီးသီး လှူဒါန်းကြကြောင်း သိရသည်။

(ကဆ)



# သတင်းပဒေသာ

## အင်္ဂလိပ်စာ၊ သင်္ချာစွမ်းရည်ပြိုင်ပွဲ အရည်အချင်းစစ် စာမေးပွဲကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့တွင် မြို့နယ်အဆင့် အင်္ဂလိပ်စာ၊ သင်္ချာစွမ်းရည်ပြိုင်ပွဲ အရည်အချင်းစစ်စာမေးပွဲအား အခြေခံပညာအထက်တန်းကျောင်း(ခန္တီး)တွင် အောက်တိုဘာလ ၂၉ရက် နံနက် ၉နာရီက ကျင်းပရာအခြေခံပညာကျောင်းပေါင်း ၁၁ကျောင်းမှ မူလတန်းအဆင့် ၃၃ဦး၊ အလယ်တန်းအဆင့် ၆၂ဦး စုစုပေါင်း ၉၅ဦး ဝင်ရောက်ဖြေဆိုကာ ထူးချွန်ကျောင်းသား၊ ကျောင်းသူ အင်္ဂလိပ်ဘာသာရပ် ၁၀ဦး၊ သင်္ချာဘာသာရပ် ၁၀ဦး စုစုပေါင်း ၂၀ဦး ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနားကျင်းပ

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကယားပြည်နယ်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကို အောက်တိုဘာ ၂၉ရက် နံနက်ပိုင်းက လွိုင်ကော်မြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) လောမွေ့၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီးက အဖွင့်အမှာစကားပြောကြားသည်။

ပြန်/ဆက် ပြည်နယ်ဦးစီးမှူးက စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားခဲ့သည်။ ပြန်/ဆက် လက်ထောက်ညွှန်ကြားရေးမှူးက စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအထိမ်းအမှတ်အဖြစ် "စာပေထဲကအလိမ္မာ" ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကျောင်းကျန်းမာရေး ကွင်းဆင်းဆောင်ရွက်

မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ အောက်တိုဘာလ ၂၉ ရက် နံနက် ၁၀ နာရီခွဲက မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့နှင့် ပူးပေါင်း၍ ကျောင်းကျန်းမာရေး ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ ငါန်းဇွန် အ·ထ·က အောင်ဆန်းခန်းမ၌ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးမြင့်က HIV, AIDS ရောဂါလက္ခဏာများအကြောင်းနှင့် အဆိုပါရောဂါများ ကူးစက်မှုမဖြစ်ပေါ်စေရေးနည်းလမ်းများကို သတိပြု ဆင်ခြင်နိုင်ရန် ရှင်းလင်းဟောပြောပြီး ကျန်းမာရေးမှူး ဦးမျိုးကိုဦးက ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း အသိပညာပေး ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်လှစ်

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဦးစီးဌာနနှင့် အသေးစားစက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ မသန်စွမ်းလူငယ်များအတွက် ဖွင့်လှစ်သည့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းအမှတ်စဉ်(၁/၂၀၂၄) ဖွင့်ပွဲအခမ်းနားကို အောက်တိုဘာလ ၂၉ ရက် နံနက် ၉ နာရီက လယ်ဝေးမြို့၊ အားကစားလေ့ကျင့်ရေးစခန်း၊ အမှတ်(၂) တွင် ကျင်းပသည်။ အဆိုပါသင်တန်းအား သင်တန်းသား၊ သင်တန်းသူ ၃၂ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ အောက်တိုဘာ ၂၉ မှ နိုဝင်ဘာ ၁ ရက်နေ့အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ယူသော်ရ၏

နိုင်ဗလ

နံနက်ခင်းအရုဏ်ဦး ရောင်နီသန်းလာပြီဖြစ်သည်။ အိမ်ရှေ့လမ်းမပေါ်သို့ ထွက်လိုက်သည်။ ဆွမ်းလောင်းရန် ဆွမ်းအုပ်ကို ခုံပေါ်တင်၍ ပြင်ဆင်သည်။ အရှေ့အရပ်သို့ မျက်နှာမူလိုက်သည်။ အရုဏ်ဦး၏ အလင်းရောင်ကိုကြည့်ရင်း မေတ္တာပို့အမျှဝေသည်။ မေတ္တာပို့အမျှဝေပြီးသည်နှင့် ကြွလာသော သံဃာတော်များကို ဆွမ်းလောင်းသည်။ တချို့က တစ်ပါးချင်းကြွသည်။ တချို့က အတန်းလိုက်ကြွသည်။ သံဃာတော်များ၏ ဆွမ်းခံကြွသည့်ဟန်များကို အသေးစိတ်ကြည့်ညိုနေမိသည်။ နံနက်ခင်းအိပ်ရာထ ကိုယ်လက်သန့်စင်၊ အရုဏ်ဦး၏ ကျက်သရေကို မေတ္တာပို့ခြင်းဖြင့် ပြည့်စုံစေပြီး သံဃာ့ဂုဏ်ကို ရည်မှန်းဆွမ်းလောင်းသည်။ ငယ်စဉ်ကတည်းက တောင်မြို့မဟာဂန္ဓာရုံတွင် ကျင်လည်ခဲ့ရသည်။ မဟာဂန္ဓာရုံဆရာတော်ကြီး၏ အဆုံးအမတရားများကို မိသားစုလိုက် နာယူခဲ့သည်။ လိုက်နာကျင့်ပွားခဲ့သည်။ ကိုရင်ဝတ်ခဲ့စဉ်ကတည်းက "စိတ်ကောင်းရှိဖို့ ပထမ" ဟူသော ဆရာတော်ကြီး၏ အဆုံး အမတရားက နားထဲစွဲခဲ့သည်။ သင်္ကန်းဝတ်ရုံရာ၌ သေသပ်သန့်ရှင်းစွာ ဝတ်တတ်အောင်၊ ဆွမ်းစားရာ၌လည်း သန့်ရှင်းမှုတစ္စာ ကြည်ညိုဖွယ်ဖြစ်အောင် စားတတ်ရန်၊ စည်းကမ်းရှိစွာ နေတတ်ရန် အထူးသင်ကြားပေးခြင်းကို ခံရသည်။နွေရာသီပိတ်ရက်မှသာ ကိုရင်ဝတ်ကြသော်လည်း မဟာဂန္ဓာရုံကျောင်းသို့ အမြဲသွားရောက်၍ ဝေယျာဝစ္စလုပ်ပေးသောအလေ့ကို ဖခင်ကြီးက ပေးခဲ့သည်။ မဟာဂန္ဓာရုံကျောင်းသို့ရောက်လျှင် အနည်းဆုံး တံမြက်စည်းလှည်းကုဋ္ဌီဆေးတော့ လုပ်ဖြစ်သည်။ ဆရာတော်ကြီးများ လုပ်စေချင်ဖြစ်စေချင်သော ကိစ္စရပ်များကို လူစု၍ ဆောင်ရွက်ခဲ့မြဲဖြစ်သည်။ ရေဝပ်သောနေရာ မြေဖို့ချင်သည်ဆိုကလည်း ဖခင်ကြီးအားပြော၍ စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်များတွင် မြေတူးမြေဖို့ ဆောင်ရွက်ကြသည်။ ဖခင်ကြီးကလည်း တပ်မှမော်တော်ယာဉ်နှင့် လိုက်ပါလိုသူ စစ်သည်များကို စီစဉ်ပေးသည်။ ကျွန်တော်တို့ညီအစ်ကို တစ်စုနှင့် ရဲဘော်များ၊ ဖခင်အားလျှင် ဖခင်ပါလိုက်ပါ၍ တောင်သမန်မှမြေများ တူးယူ၍ ကျောင်းဝင်းအတွင်း လိုအပ်သောနေရာများတွင် ဖို့ခြင်းများကို တစ်နေကုန် မနားမနေ လုပ်ခဲ့ကြသည်။ ဆရာတော်ကြီးများက နားပြီးမှလုပ်ရန် တားယူရသည်။ နံနက်စာ၊ ညနေစာများကိုလည်း ဂရုတစိုက်ကျွေးမွေးခဲ့သည်။ ကျောင်းသို့ လှူဒါန်းသော ရွှေဘိုမြို့မှ ဆန်အိတ်များကိုလည်း တပ်မှတာဝန်ယူ၍ တပ်မတော်မော်တော်ယာဉ်များဖြင့် သွားရောက်သယ်ယူမြဲဖြစ်သည်။ ထိုသို့သယ်ယူရာ၌လည်း ငယ်စဉ်မှအရွယ်ရောက်သည်ထိ လိုက်ပါထမ်းပိုးဆောင်ရွက်ခဲ့သည်သာ ဖြစ်သည်။ စည်းကမ်းနှင့်ပတ်သက်၍လည်း အထူးအလေးထားသည်။ သံဃာပေါင်း ထောင်ချီရှိသော်လည်း တိတ်ဆိတ်ငြိမ်ဝပ်၍ စည်းကမ်းအပြည့်ရှိသော ကျောင်းဖြစ်သည်။ ရဟန်းခံရာတွင်လည်း မဟာဂန္ဓာရုံတွင်ပင် ရဟန်းခံဖြစ်သည်။ သံဃာ့ဂုဏ်ကိုပို၍တိုး၍ ကြည်ညိုစိတ် ဝင်မိသည်။ စည်းကမ်းဖြင့် နေထိုင်တတ်ရန် သင်ကြားပေးသည်။ တပ်တရားတော်ကလည်း နာမည်ကြီးသည်။

ဆွမ်းလောင်းရင်း ငယ်စဉ်က မဟာဂန္ဓာရုံကျောင်းတွင် ကျင်လည်ခဲ့သည်ကို သတိရမိသွားပြီး ပို၍ကုသိုလ်ပွားများမိစေသည်။ သပ်ရပ်စွာ ဝတ်ရုံထားသော သင်္ကန်းဖြင့် တိတ်ဆိတ်ဣန္ဒြေရှိစွာ ကြွမြန်းလာသော ဆွမ်းခံကိုယ်တော်များသည် ကြည်ညိုဖွယ်ကောင်းလေစွ၊ ဆွမ်းလောင်း၍ပြီးလျှင် လမ်းပေါ်တွင်ရပ်လျက် မေတ္တာပို့ခြင်းကို ပြန်လည်ဆောင်ရွက်ပြီး အမျှအတန်းပေးဝေခဲ့သည်။ ကျောင်းတွင် သင်ကြားပေးသည်များကိုလည်း အာရုံတွင် ထင်လာသည်။ မေတ္တာပို့ရာ၌ အနောဓိသပုဂ္ဂိုလ် ၅ယောက်ကို အာရုံထားပို့ရမည်ဟု သင်ကြားခဲ့ရသည်။ ၁။သဗ္ဗေသတ္တာ = ခပ်သိမ်းသောသတ္တဝါ၊ ၂။သဗ္ဗေပါဏာ = ခပ်သိမ်းသော သက်ဝင်သက်ရှိသောသတ္တဝါ၊ ၃။သဗ္ဗေဘူတာ = ခပ်သိမ်းသော ထင်ရှား ရှိသော သတ္တဝါ၊ ၄။သဗ္ဗေပုဂ္ဂလာ = ခပ်သိမ်းသော တစ်ကိုယ် နှစ်ယောက်သောပုဂ္ဂိုလ်၊ ၅။သဗ္ဗေအတ္တဘာဝပရိယာ ပန္နာ = ခပ်သိမ်းသောအတ္တဘော၌ အကျုံးဝင်သောသတ္တဝါဟူ၍ ဖြစ်သည်။ ဘုရားရှိခိုးရာ၌လည်း ထိခြင်းငါးပါးဖြင့် ရှိခိုး တတ်စေရန်လည်း မဟာဂန္ဓာရုံကျောင်းက သင်ပေးလိုက်သည်။

"လက်အုပ်ကိုပင် ကြာငုံသွင် အလျင်ပြုလုပ်ပါ။ နဖူးလက်မ ဆံစလက်ညိုးထိကာမိုး ရှိခိုးဝန္ဒနာ၊ လက်၊ ခြေ၊ နဖူး၊ တံတောင်၊ ဒူး တည်ဦးငါးအင်္ဂါ။ လက်ချ၊ ဒူးချ၊ တံတောင်ချ၊ နဖူးချကာ ရှိခိုးပါ" ဟု လင်္ကာဆို၍ ရှိခိုးခဲ့ရ၊ သင်ခဲ့ရသည်။

ဆွမ်းလောင်းပြီး အဝတ်အစားလဲသည်။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ကျင်းပသော ကထိန်အလှူပွဲသို့ သွားရန်ဖြစ်သည်။ သို့သော် မသွားဖြစ်ပါ။ ပဲခူးမြို့ တေဘာတိကာရာမတပ်ဦးကျောင်း ဆရာတော်ဘုန်းကြူနှာကျောက်မီး၊ မြို့တောရွာတွင် ရောက်နေကြောင်း ဆရာတော်ကဖုန်းဆက်၍ သွားရမည်ဖြစ်သည်။ ဆရာတော်သည် ထန်းဆိုင်ရာအခန်းဆက် ဆောင်းပါးများ၊ နီတိတစ်ထောင်လင်္ကာတို့ကို မန္တလေးနေ့စဉ်တွင် အခန်းဆက်နှစ်ချီ၍ ရေးသားခဲ့သော ရဟန်းစာဆိုတစ်ပါးဖြစ်သည်။ လွန်ခဲ့သော ၃၅နှစ်လောက်ကတည်းက ဆရာတကာဖြစ်ခဲ့ကြခြင်းဖြစ်သည်။ ယခုနှစ်ပိုင်းတွင် မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီမှ ကျင်းပသောပွဲ (စာပေအနုပညာဆိုင်ရာပွဲမပါ) ၃ပွဲခန့် ဖိတ်ကြားခံရသည်။ ၂ကြိမ်သာ တက်ရောက်ဖြစ်သည်။ သာသနာ့တက္ကသိုလ်ဆွမ်းကပ်ပွဲနှင့် ဝါဆိုသင်္ကန်းကပ်ပွဲဖြစ်သည်။ မဟာဂန္ဓာရုံဆရာတော်များက ငယ်စဉ်ကတည်းက သင်ကြားပေးခဲ့သည်။ လောကတွင် နေထိုင်လျှင် သိထားရမည်တို့ကို ဗဟုသုတဖြစ်ဖွယ် သင်ခဲ့ရသည်။ မိမိအား မဖိတ်ကြားသော အခမ်းအနား၊ ပွဲလမ်းသဘင်များ၊ ဝတ်ကျေတန်းကျေဖိတ်ကြားသောပွဲများတွင် မတက်ရောက်သင့်ကြောင်း၊ ရှောင်ရှားသင့်ကြောင်း သင်ပေးခဲ့သည်။ ယခုအချိန်ထိ စိတ်တွင်စွဲ၍ လိုက်နာကျင့်သုံးဆဲဖြစ်သည်။ သတင်းစာတိုက် စတင်ကတည်းကမှ လွန်ခဲ့သော၈နှစ်ကာလအထိ ကော်မတီမှကျင်းပသော ဘာသာရေးပွဲ၊ စာပေအနုပညာပွဲများအား ဖိတ်လည်းဖိတ်ကြားသည်။ မလွတ်အောင်လည်း ဂရုတစိုက် စိတ်ပါလက်ပါ တက်ရောက်ဖြစ်သည်ချည်းသာ ဖြစ်သည်။ သစ်ပင်စိုက်ပွဲ၊ လုပ်အားပေးပွဲများပါ ပင်ပန်းသည်စိတ်ထဲမထား သွားခဲ့သည်ချည်းသာ ဖြစ်သည်။ လွန်ခဲ့သော ၈နှစ်နောက်ပိုင်းမှစ၍ ဖိတ်ကြားခံရမှုလည်း ကျဲပါးလာသည့်အလျောက် မိမိတို့အယ်ဒီတာအဖွဲ့နှင့်လည်း ပွဲလမ်းသဘင် အတော်များများ ကင်းကွာလာခဲ့သည်။ ဌာနဆိုင်ရာများမှပြုလုပ်သော ပွဲများသည် ပြုလုပ်သောဌာန၏ အခြေအနေအရ ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ လူကြီးများ တက်ရောက်အားပေးလေ့ရှိကြသည်။ နေရာအခြေအနေ၊ အချိန်အခြေအနေ၊ ကာလအခြေအနေအရ ဖိတ်ကြားသူများကို ကန့်သတ်ဖိတ်ကြားရလေ့ရှိသည်။ ထို့ကြောင့် ယခုနောက်ပိုင်း ၈နှစ်ခန့်အတွင်း ပွဲတော်တော်များများ (စာပေအနုပညာရေးရာ အပါအဝင်) ဖိတ်ကြားခံရမှုမရှိတော့၊ လေးငါးပွဲခန့်သာ ဖိတ်ကြားခဲ့ရပြီး လေးပွဲခန့်သာ တက်ရောက်ဖြစ်ခဲ့သည်။

မိမိ၏မိသားစုတာဝန် သတင်းစာတိုက်တာဝန်ကြားက ထိုဖိတ်ကြားသောအခမ်းအနားများ သွားရခြင်းဖြစ်သည်။ အခမ်းအနားဖိတ်ကြားမှုနည်းလာသည့်အတွက် ပြင်ပမှ စာပေအသိုက်အဝန်း၊ မိတ်ဆွေများနှင့် တွေ့ခွင့်ပိုလာသည်။ မိမိအတွက် အလုပ်ပိုလုပ်နိုင်လာသည်။ မိမိ၏ကိုယ်တိုင်ကုသိုလ်ရေးနှင့် စာပေလုပ်ငန်းဖက် အချိန်ပိုရလာသည်။ ပြင်ပမှဖိတ်ကြားမှုများတွင် သာရေးခြင်း တူလျှင် ဆင်းရဲသော၊ မျက်နှာငယ်သောသူကို ဦးစားပေးသွား သည်။ နာရေးများကိုမူ မဖြစ်မနေသွားရောက်ခဲ့သည်။ မိမိဆုံးဖြတ် ချက်ဖြင့် လွတ်လပ်စွာ သွားလာနိုင်ခဲ့သည်။ ယခုတစ်နှစ်၊ နှစ် နှစ်ခန့်အတွင်း စာပေရေးရာ၊ ဘာသာရေးများဌာနနှင့်နွယ်၍ ပြန်လည်ဖိတ်ကြားလာကြသည်။ ဌာနမှ အနားမယူခင် ကြိုးစား၍ တတ်နိုင်အောင် ဆောင်ရွက်ရမည်။ "မိမိအား အလေးဂရု အထူးပြုသူများကို မည်သည့်



အခါမှ လျစ်လျူမရှုရ" ဟု အနုနာယက ဆရာတော် (မဟာဂန္ဓာရုံ)က မှာကြားထားသည်။ မိမိအား အလေးထားလေ မိမိ၏တာဝန်ကို မလစ်ဟင်းရအောင် ပိုမိုကြိုးစား ပေးရလေဖြစ်သည်။

မိမိတို့မိသားစုသည် လှူဒါန်းခြင်းတွင် ဝါသနာထုံကြသူများမို့ မည်သည့်နေရာတွင် မည်သို့လှူကြမည်ဆိုသည်ကို အမြဲစဉ်းစားနေတတ်သူများဖြစ်သည်။ ဌာနတွင်ပြုသောအလှူ၊ အန္တရာယ်ကင်းပရိတ်ရွတ်ရာတွင်ပင် လှူလိုက်ရမှ ကျေနပ်သူဖြစ်သည်။ ယခုကာလတွင် အလှူအတန်းနှင့် ပတ်သက်၍ ဝေဖန်သူများ များလှသည်။ သူ့အတွေး၊ သူ့အမြင်၊ သူ့ဉာဏ်အဆင့်အတန်းအလျောက် ဝေဖန်ကြခြင်းဖြစ်သည်။ ဘုရားစေတီ၊ ရဟန်းသံဃာများအား လှူရာတွင် ဝိဝါဒစကားများ ဆိုကြသည်။ မည်သို့ဆိုစေ သာသနာတော် ရေရှည်တည်တံ့ခိုင်မြဲရေးကို ရည်ရွယ်သော အလှူမှန် သမျှသည် မြင့်မြတ်သည်ချည်းသာ ဖြစ်သည်။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၂၄ရက်က မြို့တော်ခန်းမတွင် ကျင်းပခဲ့သည်။ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြို့တော်ဝန်၊ ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စည်ပင်သာယာမှ အရာရှိများနှင့် အမှုထမ်းထဲမှ မန္တလေးနေ့စဉ်သတင်းစာ အယ်ဒီတာအဖွဲ့ တက်ရောက်ရန် ဖိတ်ကြားခံရသဖြင့် တက်ရောက်ကြည်ညိုခဲ့သည်။ သာသနာ့တက္ကသိုလ်မှ ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တကေသရဆရာတော်က တရားချီးမြှင့်သည်။ ဆရာတော်ကြီးက အာဝဇ္ဇန်းကောင်းသည်။ ပြုံးချိုသောမျက်နှာထားရှိသည်။ ဗဟုသုတများသည်။ သာသနာ့တက္ကသိုလ်တွင် အကြိမ်ကြိမ် ဒုလ္လဘရဟန်းခံဖူးသည်။ ဆရာတော်ကြီး၏ သင်ကြား၊ ညွှန်ပြမှုများ ခံယူခဲ့ရသည်။ တရားနာ၍မငြီး၊ နာပြီးရင်းနာချင်လောက်အောင် ဟောကြားနိုင်သော ဆရာတော်ကြီးဖြစ် သည်။

ဆရာတော်ကြီး ဟောကြားသောတရားတွင် ရှင်ဘုရင်က လက်ဆောင်ပဏ္ဏာရသော ခြုံထည် ၅၀၀ကို မိဖုရားများက ဝေငှလက်ဆောင်ပေးသည်။ မိဖုရားများက သံဃာတော်များအတွက် ရည်စူး၍ ခြုံထည်များကို လှူဒါန်းလိုက်သည်။ တန်ဖိုးရှိလှသော ခြုံထည်များကို မိဖုရားများခြုံသည်ကိုမမြင်၍ ဘုရင်ကြီးက မေးမြန်းရာ လှူဒါန်းလိုက်ကြောင်းဖြေကြားသည်။ မင်းကြီးက ခြုံထည်၅၀၀အား အားလုံးအလှူခံသဖြင့် အမျက်ထွက်၍ ဘုရားရှင်အား မေးမြန်းခဲ့သည်။ ခြုံထည်၅၀၀လုံးအား အလှူခံသဖြင့် မလိုအပ်၊ လောဘကြီးသည်ဟု ယူဆ၍ဖြစ်သည်။ နောက်မှ အခြား လိုအပ်သော ရဟန်းများအတွက် ခွဲခြမ်း၍ ဝေမျှလှူဒါန်းပေးလိုက် ကြောင်းသိမှ အမျက်ပြေခဲ့သည်။ တရားကြောင်းအရ သံဃာအား မည်မျှပုံ၍ လှူဒါန်းပါစေ သံဃာများသာ ခွဲဝေရရှိခံစားရသည် ဖြစ်၍ များသည်ဟု မဆိုသာကြောင်း နားလည်အပ်လှပေသည်။

လူ့ဘဝသည် ရခဲလှ၏။ လူ့ဘဝတွင် လှူဖို့သိ၍ ကျင့်ဝတ်တရားသိနိုင်ရန်လည်း ခက်ခဲလှ၏။ ကျင့်ဝတ်တရားသိပြီး တရားသိနိုင်ရန်လည်း ခက်ခဲလှ၏။ ထို့ကြောင့် "ယူသော်ရ၏" ဟု ဆိုချင်ပါတော့သည်။

# ဘက်စုံပြုပြင်ရန်ငွေနှင့် ချိတ်ဆွဲရန် ရွှေထည်ပစ္စည်းများ လာရောက်လှူဒါန်း



**မန္တလေး နိုဝင်ဘာ ၁**

မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ဘက်စုံပြုပြင်ရန် ငွေများနှင့် ချိတ်ဆွဲရန် ရွှေထည်များ ရတနာပစ္စည်းများ လာရောက် လှူဒါန်းလျက်ရှိသည်။ အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက ရန်ကုန်မြို့နေ ဒေါ်စန်းအိမိသားစုက မဟာမုနိဘုရားကြီး ရွှေသင်္ကန်းကပ်လှူရန် ငွေကျပ် (၁၀)သိန်းကိုလည်းကောင်း၊ မန္တလေးမြို့နေ ဒေါ်အုန်းမြင့်မိသားစုက မဟာမုနိဘုရားကြီး ချိတ်ဆွဲရန် အလေးချိန် ၁ ပဲ ၃ ရွေးရှိ ရွှေနားကပ်တစ်ရံတို့ကို လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်း၊ အတွင်းရေးမှူး ဦးသန်းဦးနှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

မဟာမုနိဘုရားကြီးသို့ ရွှေသင်္ကန်းကပ်လှူရန် ဘက်စုံပြုပြင်ရန်၊ ကျောင်းတော်ရွှေချရန်၊ ခတ်မီးတော်ပူဇော်ရန်၊ ငွေပဒေသာပင်စိုက်ထူရန် အလှူငွေလှူဒါန်းလိုသော အလှူရှင်များအနေဖြင့် KBZ Bank ငွေစာရင်းအမှတ် 08730206100449101 နှင့် UAB ဘဏ် ငွေစာရင်းအမှတ် 01 7130 1000 12259 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 01 7012 1000 00750 နှင့် ဖုန်း ၀၉-၄၄ ၄၀၄၄၄၇၅၊ ၀၉-၄၀၂၅၉၉၉၁၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(ကဆ)



# အများပြည်သူပါဝင်လှူဒါန်းနိုင်ရန် အလှူခံမဏ္ဍပ် ဖွင့်လှစ်ထား

**မန္တလေး နိုဝင်ဘာ ၁**

နယ်စပ်၊ တောင်တန်း သာသနာပြု ဗြဟ္မစိုရ်ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခ ဦးဆောင်သော နယ်စပ်၊ တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ်(မန္တလေး)၏ (၁၇)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်တော်အဖြစ် နယ်စပ်၊ တောင်တန်းနှင့် ကမ်းရိုးတန်းဒေသတွင် သာသနာပြုနေသော ဘုန်းကြီးကျောင်း ၁၆၀၀ နီးပါးကို ကထိန်အာနိသင်ရရှိအောင် တန်ဆောင်မုန်းလပြည့်နေ့တွင် ကထိန်လှူဖွယ်များ ပေးပို့လှူဒါန်းမည် ဖြစ်သည်။

အဆိုပါအလှူတွင် အများပြည်သူပါဝင်လှူဒါန်းနိုင်ရန်အတွက် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ် ၆၂လမ်း၊ ၃၂လမ်းနှင့် ၃၃ လမ်းကြား တောင်စလင်းတိုက်သစ်ရှေ့တွင် နယ်စပ်၊ တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်က အလှူခံမဏ္ဍပ်ဖွင့်လှစ်ထားသည်။

သင်္ကန်းဒွိစုံ၊ သိုးမွေးဆွယ်တာ၊ ကော်ဇော၊ စောင်၊ ဆပ်ပြာမှုန့်ထုပ်၊ ဆပ်ပြာမွှေး၊ ဗလာစာအုပ်စသည့် လှူဖွယ်များပါသည့် ကထိန်ပဒေသာပင်တစ်ခုလျှင် ငွေကျပ် ၁၁၀၀၀၀ နှုန်းဖြစ်စေ၊ မိမိစွမ်းသလောက်ဖြစ်စေ၊ မိမိလှူဒါန်းလိုသော ပစ္စည်းဖြစ်စေ ပါဝင်လှူဒါန်းနိုင်ပြီး ၀၉-၄၄၂ ၀၇၄၄၆၆၊ ၀၉-၄၀၂၆၉၂၅၂၂၊ ၀၉-၆၆၀၈၅၀၃၉၉၊ ၀၉-၇၅၁ ၅၁၆၂၀၄ သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ အနယ်နယ်အရပ်ရပ်မှ ကုသိုလ်ရှင်များက နိုဝင်ဘာ ပထမအပတ်ထိ ကထိန်ပဒေသာပင် ၂၀၀ ကျော် လာရောက်လှူဒါန်းထားကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၅)

# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ရှာင် နိုဝင်ဘာ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် Community Centre ခန်းမတွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို အောက်တိုဘာ ၃၀ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦးက ဆိုးရွားစွာခိုင်းစေခြင်းခံရသော ကလေးသူငယ်များ တွေ့ရှိလျှင်သော်လည်းကောင်း၊ သက်ဆိုင်ရာ လုပ်ငန်းကော်မတီများမှ ညွှန်းပို့လာလျှင်သော်လည်းကောင်း လူမှုဝန်ထမ်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော လူမှုရေးရာ ဖြစ်ရပ်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်အဆင့်များအတိုင်း ကလေးသူငယ်ဖြစ်ရပ်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပြီး ယာယီစောင့်ရှောက်မှုပေးရန် လိုအပ်သော ကလေးသူငယ်များအတွက် လူမှုဝန်ထမ်းဦးစီးဌာနရှိ သင်တန်းကျောင်းများတွင် လက်ခံစောင့်ရှောက်ပေးလျက်ရှိပါကြောင်း စသဖြင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ အသိပညာပေးဟောပြောပွဲနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်လူမှုဝန်ထမ်းရုံး ဦးစီး



အရာရှိ ဒေါ်သန်းသန်းစိုးက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအကြောင်းအရာများကို အကျယ်တဝင့် ဟောပြောခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လုပ်ငန်းရှင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)(၃၃၈)

# ရှမ်းရိုးရာခလေ့ ကထိန်ဆင်ဆွဲပွဲတော်ကို သုံးရက်တိုင်တိုင် ကျင်းပမည်

**မိုင်းယု နိုဝင်ဘာ ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယုမြို့ရှိ ဒေသခံရှမ်းတိုင်းရင်းသားတို့သည် မိမိတို့ ဒေသဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဆန်ရေစပါး၊ ကောက်ပဲသီးနှံ၊ စီးပွားရေးလာဘ်လာဘ တိုးတက်ကောင်းမွန်စေရန်နှင့် သဘာဝဘေးကပ်ဆိုးများ ဆိုက်ကပ်မှုမရှိစေရန်အတွက် ရည်စူး၍ တစ်နှစ်လျှင် တစ်ရွာစီဖြင့် အလှည့်ကျကျင်းပလေ့ရှိသည့် ရိုးရာခလေ့ ကထိန်ဆင်ဆွဲပွဲတော်ကို နိုဝင်ဘာ ၅ ရက်မှ စတင်၍ ၇ ရက်ထိ သုံးရက်တိုင်တိုင် မြို့မရပ်ကွက်၊ ဒေါင်လုံကျေးရွာရှိ ဝပ်ကြွမ်းခေါင်းဘုန်းကြီးကျောင်းအတွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပမည် ဖြစ်သည်။



ဆင်ဆွဲပွဲတော်ကို တစ်နှစ်လျှင် တစ်ရွာစီဖြင့် ကျရာရပ်ကွက်၊ ကျေးရွာများမှ တိုင်းရင်းသားတို့က အစုအဖွဲ့လိုက် ဆင်ရုပ်များ ကြိုတင်ပြင်ဆင်ပြုလုပ်ထားရပြီး အလှူပွဲကျင်းပသည့်ရက်၌ ယင်းအရုပ်များပေါ်တွင် မိမိတို့ စိတ်စေတနာသဒ္ဓါတရားထက်သန်သည့်အပေါ် စုပေါင်းလှူဒါန်းထားသည့် လှူဖွယ်ဝတ္ထုပစ္စည်းများပါဝင်ကာ အလှတန်ဆာဆင်ယင်ထားသည့် ဆင်ရုပ်များကို ကြိုးများဖြင့်ချည်ဆွဲ၍ ရွာအတွင်း လှည့်လည်ပြသကာ ကျရာကျောင်းတိုက်သို့ ပို့ဆောင်လှူဒါန်းရသည့် ရိုးရာခလေ့ပွဲတော်တစ်ခု ဖြစ်သည်။

(ဝဲပုံ)

ထိုအလှူပွဲရက်အတွင်း လာရောက်လည်ပတ်သော ဧည့်သည်တော်များကိုလည်း ရိုးရာအစားအသောက်များနှင့် ဒေသခံတိုင်းရင်းသား အလှူရှင်များက ပျူငှာစွာတည့်ခင်းဧည့်ခံကျွေးမွေးခြင်းနှင့် ညပိုင်းတွင် တိုင်းရင်းသားတို့၏ ရိုးရာအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ပေးမည်ဖြစ်ကြောင်းနှင့် ယင်းပွဲတော်ရက်အတွက် အလှူရှင်အစုအဖွဲ့များက မိမိတို့ ဆင်ရုပ်များကို အလှတန်ဆာဆင်ယင်ကာ ပြင်ဆင်နေလျက်ရှိကြောင်း၊ မိမိတို့ကျေးရွာအတွင်း တစ်နှစ်မှ တစ်ခါသာ အလှည့်ကျပြုလုပ်ရသည့် ရိုးရာခလေ့ကထိန်ဆင်ဆွဲပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် စိတ်သဒ္ဓါတရားထက်သန်စွာ ဝိုင်းဝန်းစုပေါင်းကာ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေကြပြီဖြစ်ကြောင်း သိရသည်။

ကိုကိုနိုင်

သစ်တော သစ်ပင်
ချစ်ခင်တဲ့ လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး။

# မုံရွာမြို့၊ အရှေ့ဘက်ကန်သာယာပတ်လမ်းများ ပြုပြင်လျက်ရှိ



**မုံရွာ နိုဝင်ဘာ ၁**

နှစ်အနည်းငယ်သက်တမ်းရှိပြီဖြစ်သော မုံရွာမြို့၊ အရှေ့ဘက်ကန်သာယာပတ်လမ်းများကို ထိန်းသိမ်းသည့်အနေဖြင့် မုံရွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပြုပြင်လျက်ရှိသည်။

'မုံရွာမြို့နေ ပြည်သူတွေ အပန်းဖြေအနားယူဖို့နဲ့ မုံရွာမြို့သာယာလှပရေးအတွက် အရှေ့ဘက် ကန်သာယာပတ်လမ်းပြုပြင်တဲ့ လုပ်ငန်းတွေဆောင်ရွက်လျက်ရှိပါတယ်'ဟု မုံရွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်းက ပြောသည်။

မုံရွာမြို့ အရှေ့ဘက်ကန်သာယာရေကန်သည် ၁၉၂ ဧကကျယ်ဝန်းပြီး မုံရွာမြို့၏ အဓိကလမ်းမကြီးဖြစ်သည့် ဗိုလ်ချုပ်လမ်းနှင့် ပြည်ထောင်စုလမ်းကြားတွင် တည်ရှိသည်။

ကန်သာယာပတ်လမ်းများအနက် အရှည်ပေ ၂၅၀၀ ရှိ တောင်ဘက်ပတ်လမ်း၊ အရှည်ပေ ၄၀၀ ရှိ အနောက်ဘက်ပတ်လမ်းနှင့် အရှည်ပေ ၉၀၀ ရှိ မြောက်ဘက်ပတ်လမ်းတို့ကို ဆောင်ရွက်ပြီးဖြစ်ကာ အရှည် ၉၇၀ ပေရှိ အရှေ့ဘက်ပတ်လမ်းကိုဆောင်ရွက်ဆဲဖြစ်ကြောင်း သိရသည်။

'အရှေ့ဘက်ကန်သာယာပတ်လည်တစ်လျှောက်မှာ ပြည်သူတွေ စိတ်အေးချမ်းသာစွာနဲ့ အပန်းဖြေအနားယူနေနိုင်ပြီဖြစ်ပြီး မုံရွာမြို့ရဲ့ အထင်ကရ နေရာတစ်ခုအဖြစ် တည်ရှိနေပြီဖြစ်ပါတယ်' ဟု မုံရွာမြို့ခံတစ်ဦးက ပြောသည်။

မုံရွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပရေးနှင့် ပြည်သူလူထုအပန်းဖြေနားနေနိုင်စေရေးအတွက် အဖွဲ့ရုံးဝန်ထမ်းများစုပေါင်း၍ မုံရွာမြို့ အရှေ့ဘက်ကန်သာယာ ကန်ပတ်လည်ရှိ အလှပန်းပင်များအား အစားထိုးလဲလှယ်စိုက်ပျိုးခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အနောက်ဘက်ကန်သာယာကျွန်းအတွင်း Land-scaping များအတွင်း ပေါင်းသင်ခြင်း၊ အလှပန်းပင်များ ပုံဖော်ခြင်း၊ မြက်ဖြတ်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၃၉၄)**

သန့်ရှင်းသာယာ မန္တလာ
ဝိုင်းဝန်း ထိန်းသိမ်းပါ ။

# မျက်စိနှင့်နား ကျန်းမာရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ Talk Show ကျင်းပ

**ငဖဲ နိုဝင်ဘာ ၁**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ငဖဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ပြည်သူ့စာကြည့်တိုက်ခန်းမတွင် မိဘပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်များ အသိပညာဗဟုသုတတိုးပွားစေရန်နှင့် ကျန်းမာရေးဆိုင်ရာ အကြောင်းအရာများကို သိရှိစေရန် ရည်ရွယ်၍ မျက်စိနှင့်နား ကျန်းမာရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ Talk Show ကို အောက်တိုဘာ ၃၀ နံနက် ၁၀ နာရီက ကျင်းပသည်။

ဆွေးနွေးပွဲတွင် ငဖဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ယုယုသိန်းက မျက်စိနှင့် နားကျန်းမာရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားပြီး လူ့ခန္ဓာကိုယ်တွင် ပါဝင်သည့်မျက်စိနဲ့နားသည် လူတစ်ယောက်အတွက် အလွန်အရေးပါသော အစိတ်အပိုင်းများဖြစ်ကြောင်း၊ အာရုံငါးပါးကိုခံစားရာတွင် အကြားအာရုံကို နားမှရရှိပြီး အမြင်အာရုံကို မျက်စိမှရရှိကြောင်း၊ အသက်ကြီးလာသည့်အခါ လူတို့၏မျက်စိနဲ့ နားတို့သည် အာရုံကြောတွေအားနည်းလာပြီး အမြင်အာရုံ၊ အကြားအာရုံ ချို့ယွင်းလာကြောင်း၊ အသက်အရွယ်မကြီးမီ ကျန်းမာရေးကို ဂရုမစိုက်ပါက မျက်စိနဲ့နားကို ထိခိုက်ခြင်းများဖြစ်နိုင်ပါကြောင်း၊ မြန်မာတို့၏ဆိုရိုးစကားတစ်ခုက မျက်စိအဆုံးနားအရှုံးလို့ ပြောဆိုကြသည့်အတွက် မျက်စိနဲ့နား ကျန်းမာရေးကို ဂရုစိုက်ဖို့လိုအပ်ကြောင်းနှင့် မျက်စိကျန်းမာရေးဆိုင်ရာ သိကောင်းစရာများ၊စာထောက်-၃ ဦးစိုးမိုးသူက နားကျန်းမာရေးဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန် အချက်များကို အသိပညာပေးဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**မယု(ငဖဲ)**

# ပြည်တွင်းစားဆန်ဈေး ငွေကျပ် ၈၅,၀ ၀၀ မှ ၁၅၀,၀၀၀ အကြား သတ်မှတ်ထုတ်ပြန်

ပြည်တွင်းစားသုံးမှုရှိတဲ့ ဆန်အုပ်စုအလိုက် ၁၀၈ ပေါင်/၂၄ ပြည်တစ်အိတ်ကို အမြင့်ဆုံး ငွေကျပ် ၈၅,၀၀၀ မှ ၁၅၀,၀၀၀ အကြား ဈေးသတ်မှတ်ထားကြောင်း စားသုံးသူရေးရာဦးစီးဌာန၏ နိုဝင်ဘာလအတွက် သင့်တင့်မျှတသော ဈေးကွက်ဈေးနှုန်းထုတ်ပြန်ချက်အရ သိရသည်။

ဧည်ယာ၊ ငွေတိုး၊ မင်းဧရာ၊ နံ့ကောက်၊ ရွှေမန်း စတဲ့ ဆန်ဈေးတွေကို ငွေကျပ် ၈၅,၀၀၀ သတ်မှတ်ထားပြီး ဧရာဝတီ၊ ပဲခူးနဲ့ ရန်ကုန်တိုင်းက ထွက်ရှိတဲ့ ရွှေသွယ်၊ အညာသား၊ ပခန်း၊ မော်ဘီ-၂၊ မော်ဘီ-၃၊ ဖန်သီးသုခ၊ လုံးသွယ်မွှေး၊ ရက် ၉၀၊ မိုး-မနောသုခ/ဆင်းသုခ၊ ဖျော့ထွန်းဆန်ဈေးတွေကို ငွေကျပ် ၉၇,၀၀၀ သတ်မှတ်ထုတ်ပြန်ထားသည်။ **(အောက်ပုံ)**

မန္တလေး၊ မကွေး၊ စစ်ကိုင်း၊ နေပြည်တော်နှင့် မြန်မာနိုင်ငံအထက်ပိုင်းက ထွက်ရှိသည့် ဧရာမင်း၊ ဧရာပဒေသာ၊ မဂျမ်းတော ဆန်ဈေးတွေကို ငွေကျပ် ၁၃၃,၀၀၀ သတ်မှတ်ပြီး ဧရာဝတီတိုင်းက ထွက်ရှိသည့် ဧရာပဒေသာ/ဧရာမင်း ဆန်တစ်အိတ်က ငွေကျပ် ၁၀၃,၀၀၀ ဈေးရှိသည်။

ဧရာဝတီပေါ်ဆန်းအုပ်စု ပထမတန်း(အဆင့်မြင့်)တစ်အိတ် ငွေကျပ် ၁၂၅,၀၀၀ နဲ့ ဒုတိယတန်းဈေး ငွေကျပ် ၁၂၀,၀၀၀၊ ခွန်/ပေါ်ကျွဲ (ပေါ်ဆန်းအုပ်စု)တစ်အိတ်ငွေကျပ် ၁၁၀,၀၀၀၊ ဘေးကြား/ကြားပျံ(ပေါ်ဆန်းအုပ်စု) တစ်အိတ်ငွေကျပ် ၁၃၅,၀၀၀၊ ရွှေဘိုပေါ်ဆန်း ပထမတန်း(အဆင့်မြင့်)တစ်အိတ် ၁၅၀,၀၀၀ နဲ့ ဒုတိယတန်း ၂၄ ပြည်တစ်အိတ်ဈေး ငွေကျပ် ၁၄၅,၀၀၀ သတ်မှတ်ထားသည်။

ဈေးကွက်အတွင်း ရောင်းချရာမှာ အထက်ပါသင့်တင့်မျှတတဲ့ ရည်ညွှန်းဈေးနှုန်းတွေအပေါ် ၈ ရာခိုင်နှုန်းပိုပြီး ရောင်းချခြင်းမပြုကြဖို့ စားသုံးသူရေးရာဦးစီးဌာနက အသိပေးထားသည်။

နိုဝင်ဘာလအတွက် ပြည်တွင်းစားဆန်ဈေး သတ်မှတ်ချက်ကို တောင်သူ၊ ဆန်စက်လုပ်ငန်း၊ သိုလှောင်ဖြန့်ဖြူးရောင်းချသူတွေနဲ့ ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး အရင်နှစ်ဈေးနှုန်းတွေ၊ နိုင်ငံတကာဈေးနှုန်းတွေ၊ ပြည်တွင်းဈေးကွက်က အခြားကုန်ဈေးနှုန်းတွေနဲ့ ချင့်ချိန်ဆက်စပ်တွက်ချက်ထားခြင်း ဖြစ်သည်။

သင့်တင့်မျှတသော ဈေးနှုန်းတွေဖြင့် ရောင်းချခြင်းမရှိပါက စားသုံးသူရေးရာ ဦးစီးဌာနနဲ့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ထံ အသိပေးတိုင်ကြားနိုင်ကြောင်း သိရသည်။ **ရွှေမန်း**



# ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပူးစားပြောင်းသီးနှံ ၇၄၄ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်

**ပွင့်ဖြူ နိုဝင်ဘာ ၁**



မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်း ၇၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်းသီးနှံ ၃၀၀၈ ဧက စိုက်ပျိုးရန် လျာထားပြီး ဒေသခံတောင်သူများက သတ်မှတ်လျာထားဧက ပြည့်မီစေရေးအတွက် ယခုနှစ် အောက်တိုဘာ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဖူးစားပြောင်း ၇၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

'ဒီနှစ် ဆောင်းသီးနှံရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း စားနပ်ရိက္ခာဖူလုံစေဖို့နဲ့ ဒေသခံတောင်သူတွေ သီးနှံဝင်ငွေ တိုးပွားစေဖို့အတွက် ဖူးစားပြောင်း ၃၀၀၈ ဧက စိုက်ပျိုးဖို့ လျာထားတယ်။ ဒေသခံတောင်သူတွေ ဖူးစားပြောင်းစိုက်ပျိုးခြင်းကို အောက်တိုဘာ ဒုတိယပတ်လောက်ကစပြီး စိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ဖူးစားပြောင်း ၇၄၄ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်တယ်။ ဖူးစားပြောင်းသီးနှံ စိုက်ပျိုးရေးလုပ်ငန်းက ပြောင်းဖူးရောင်းရတဲ့အပြင် ကျွဲ၊ နွား တိရစ္ဆာန်အစာအဖြစ် ဖူးစားပြောင်းပင်များကို ရောင်းချရလို့ နှစ်သီးစား ဝင်ငွေရရှိတယ်။ ဒါ့ကြောင့် တောင်သူတွေက ဖူးစားပြောင်းကို (နွေမိုး၊ ဆောင်း) တစ်နှစ်ပတ်လုံး စိုက်ပျိုးလုပ်ကိုင်ကြတယ်။ အဓိက စိုက်ပျိုးတဲ့ ဖူးစားပြောင်းမျိုးကတော့ ရိုးရိုးသကြားပြောင်းနဲ့ အရပ်ခေါ် ပန်ရွှေသကြားပြောင်းမျိုးများကို စိုက်ပျိုးကြတယ်။ ဖူးစားပြောင်းသီးနှံ စိုက်ပျိုးရေးနဲ့ပတ်သက်ပြီး အစားအစာဘေးကင်းလုံခြုံစေဖို့၊ အထွက်နှုန်းများကောင်းစေဖို့နဲ့ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးသွားကြဖို့ အသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းကြီးကြပ် ဆောင်ရွက်နေတယ်'ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်သည် မြို့ပေါ်ရပ်ကွက်(၄)ရပ်ကွက်အပါအဝင် ကျေးရွာအုပ်စု (၅၆)အုပ်စု၊ ကျေးရွာပေါင်း (၂၀၅)ရွာ ရှိပြီး ဒေသခံတောင်သူများက မဲဇလီရေလွှဲဆည်ရေနှင့် မြေအောက်ရေတို့ကို အမှီပြုပြီး တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ငန်းကို အားထားစိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ ထိုသို့ စိုက်ပျိုးရာတွင် ဈေးကွက်ရှိသည့် သီးနှံများကို ရွေးချယ်၍ နှစ်သီးစား၊ သုံးသီးစား၊ သီးထပ်သီးညှပ် ရောနှောစိုက်ပျိုးကြသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက ဒေသတွင်း စားနပ်ရိက္ခာဖူလုံစေရန်နှင့် သီးနှံဝင်ငွေတိုးပွားစေရေးအတွက် ဆောင်းသီးနှံများဖြစ်သည့် ဖူးစားပြောင်း၊ ပဲမျိုးစုံသီးနှံ၊ ဆီထွက်သီးနှံစုံ၊ စားဖိုဆောင်သီးနှံများနှင့် အခြား အထွေထွေစားသုံးသီးနှံများကို သတ်မှတ်လျာထားဧက ပြည့်မီရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကြိုးပမ်းစိုက်ပျိုးလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ) (၄၄၅)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးလုပ်ငန်းများဆောင်ရွက်

**ကျိုင်းတုံ နိုဝင်ဘာ ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့တွင် အမှတ်(၁၂၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင် များနှင့်ဌာနဆိုင်ရာများ ပူးပေါင်း၍ ယာဉ်စည်းကမ်း၊ လမ်းစည်း ကမ်းဆိုင်ရာ အသိပညာပေး လုပ်ငန်းများကို အောက်တိုဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီက မဟာမြတ်မုနိဘုရားကြီးအဝိုင်း နားတွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့အသိပညာပေးဆောင် ရွက်ရာတွင် အမှတ်(၁၂၀)ယာဉ် ထိန်းရဲတပ်ဖွဲ့စု(ကျိုင်းတုံမြို့)မှ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ကြည်စိုး နှင့် တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဆိုင်ကယ်စီး ဦးထုပ်မဆောင်းသော ဆိုင်ကယ် များအား ဆိုင်ကယ်စီးဦးထုပ် ဆောင်းစေခြင်း၊ ဦးထုပ်မေးသိုင်း ကြိုးများ စနစ်တကျတပ်ဆင်ပေး ခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်း ကမ်းသိရှိစေရန် ဗီနိုင်းပိုစတာဖြင့် ချပြရှင်းလင်းခြင်းနှင့် အသိပညာ ပေးလက်ကမ်းစာစောင်များအား ဝေငှပေးခဲ့ကြကြောင်း သိရသည်။

(ယာပုံ)(၀၅၇)



# ရွာသာယာကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း စစ်ဆေး



**မိုင်းပန် နိုဝင်ဘာ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းပန်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာသာယာကျေးရွာ၌ ကုန်ထုတ် လမ်းအပိုင်း(၁) ဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေ အနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် မိုင်းပန်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်း နှင့် တာဝန်ရှိသူများက ရွာသာယာ ကျေးရွာ၌ ကုန်ထုတ်လမ်းအပိုင်း (၁) ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ ကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ် ဦးစီးမှူးက လုပ်ငန်းများသတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီ ပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ရွာသာယာကျေးရွာ၌ လမ်း အရှည် ခြောက်ဖာလုံ၊ အကျယ် ၁၂ပေ၊ အမြင့် ကိုးလက်မရှိ ကုန် ထုတ်လမ်းအပိုင်း(၁) ဖောက်လုပ် ခြင်းနှင့် ယင်းလမ်းပေါ်တွင် Box Culvert တစ်စင်းတည်ဆောက် ခြင်းလုပ်ငန်းများကို အောင်သရဖီ ကုမ္ပဏီက ၂၀၂၄-၂၀၂၅ ဘဏ္ဍာ နှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ် ၅၃ ဒသမ ၇ သန်းအသုံး ပြု၍ ၂၀၂၄ ခုနှစ် ဇွန်လ စတုတ္ထ ပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၀ ရာခိုင် နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း၊ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ရွာသာယာကျေးရွာရှိ တောင်သူ များ၏ လယ်ယာစိုက်ပျိုးရေး ထုတ်ကုန်များကို လွယ်ကူလျင် မြန်စွာ သယ်ယူပို့ဆောင်နိုင်မည် ဖြစ်ကြောင်း လင်းခေးခရိုင် ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ သိရသည်။

(အပေါ်ဝဲပုံ)

**အေးသူ**

သစ်ပင်စိုက်ပါ
တို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ။

# ညောင်ပေါကျေးရွာ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး



**ပြင်ဦးလွင် နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ညောင်ပေါကျေးရွာ ၌ ရွာတွင်းကတ္တရာလမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေ အနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် ပြင်ဦးလွင်ခရိုင် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာညို၊ ပြင်ဦး လွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့ နယ်ဦးစီးမှူး ဦးထိုက်၊ စီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက ညောင်ပေါကျေးရွာ၌ ရွာတွင်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေ များကို ကြည့်ရှုစစ်ဆေးပြီး ခရိုင် ဦးစီးမှူးက လမ်းကိုရေရှည်တည်တံ့ အောင် ထိန်းသိမ်းစောင့်ရှောက် ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ညောင်ပေါကျေးရွာ၌ လမ်း အရှည် ၅၈၀ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ၉ လက်မရှိ ရွာတွင်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ပြင်ဦးလွင်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ ဝန်ထမ်းများက နည်းပညာ ပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာ နှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေ ကျပ် သိန်း ၁၅၀၊ ပြည်သူထည့် ဝင်ငွေကျပ် သိန်း ၃၀၊ စုစုပေါင်း ငွေကျပ် သိန်း ၁၈၀ အသုံးပြု၍ ၂၀၂၄ ခုနှစ် အောက်တိုဘာလ စတုတ္ထပတ်က စတင်ဆောင်ရွက် ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် ညောင်ပေါကျေးရွာရှိ ပြည်သူလူထု၏ လမ်းပန်းဆက် သွယ်ရေးကောင်းမွန်လျက်ရှိ ကြောင်း ပြင်ဦးလွင်မြို့နယ် ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

(ဝဲပုံ)

**အေးသူ**

# မိုးသီးနှံနှမ်း တစ်ဧက ၅ တင်း ခွဲထွက်



**မုံရွာ နိုဝင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင် မုံရွာမြို့နယ်ထွက် မိုးသီးနှံ နှမ်းသည်တစ်ဧက ၅ တင်းခွဲထွက်ကြောင်း နှမ်းစိုက်တောင်သူများ ထံက သိရသည်။

"မိုးနှမ်းများကို အောက်တိုဘာ ၁ရက်က စတင်ရိတ်သိမ်းခဲ့ တာ ဒီနေ့အထိ စိုက်ဧကရဲ့ ရာခိုင်နှုန်း ၉၀ လောက် ရိတ်သိမ်း ပြီးစီးပြီ ဖြစ်ပါတယ်။ တစ်ဧက ပျမ်းမျှအထွက်နှုန်း ၅ တင်းခွဲ ထွက်ပါတယ်" ဟု တောင်သူတစ်ဦးက ပြောသည်။ မိုးနှမ်းများ စိုက် ပျိုးရာတွင် ဆင်းရတနာ-၃၊ သိပ္ပံနှမ်းနက်၊ ရိုးစိမ်း၊ ရှပ်ကလေး မျိုးများကို စိုက်ပျိုးခြင်းဖြစ်ပြီး အထွက်နှုန်းကောင်းမွန်ရေး၊ မျိုး ကောင်းမျိုးသန့်ရရှိရေးတို့အတွက် စံကွက်များ၊ စမ်းသပ်ကွက်များကို စိုက်ပျိုးထားရှိသည်။ မိုးနှမ်းစိုက်ပျိုးရာသီတွင် သီးနှံများအောင်မြင် ဖြစ်ထွန်းရေးအတွက် လိုအပ်သောစိုက်ပျိုးရေးဆိုင်ရာနည်းပညာ များ၊ သွင်းအားစုများ၊ သီးနှံမျိုးစေ့များ ကူညီထောက်ပံ့ခြင်းများကို တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှလမ်းညွှန်မှု သက်ဆိုင်ရာ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကူညီထောက်ပံ့ပေး ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

မုံရွာမြို့နယ်အတွင်း မိုးနှမ်း ၁၁၅၂၀ ဧက စိုက်ပျိုးပြီးစီးရာ လျာထားဧကထက် ဧက ၁၂၀ ကျော် လွန်စိုက်ပျိုးနိုင်ခဲ့ပြီး ပိုးမွှား ရောဂါများ ကျရောက်မှုမရှိစေရေး ကြိုတင်ကာကွယ်ရေးဆိုင်ရာ နည်းလမ်းများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)(၃၉၄)

# ဝါးနက်အပန်းဖြေဆင်စခန်းသို့ လာရောက်လည်ပတ်သူများပြား ဆင်စာဘူဖေးကျွေးမွေး

**ပြင်ဦးလွင် နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေး- ပြင်ဦးလွင်လမ်းမှ ၅ မိုင် ၅ ဖာ လုံအကွာ၊ ရဲရွာရေအားလျှပ်စစ် စက်ရုံလမ်းပေါ်ရှိ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန၊ သစ်တောဦးစီးဌာနပိုင် ဝါး နက်အပန်းဖြေဆင်စခန်းသို့ အများ ပြည်သူအလုပ်ပိတ်ရက်ဖြစ်သော ဒီပါဝလီနေ့၊ စနေ၊ တနင်္ဂနွေရုံး ပိတ်ရက်များတွင် မန္တလေးမြို့ နှင့်အနီးတစ်ဝိုက်မှ ပြည်သူများ လာရောက်အပန်းဖြေကြပြီး ဆင် စီးခြင်း၊ ဆင်စခန်းဥယျာဉ်အတွင်း လည်ပတ်ခြင်း၊ ဆင်စာဘူဖေး ကျွေး ကုသိုလ်ပြုကြသည်။

ဝါးနက်အပန်းဖြေစခန်းရှိ ဆင်များအတွက် ဆင်စာဘူဖေး အသီးအနှံများ လှူဒါန်းကြရာ နိုဝင်ဘာ ၁ ရက်က ရန်ကုန်မြို့ နေ မပပမြိုင်က မွေးနေ့အထိမ်း အမှတ်အဖြစ် အသီးအနှံများ၊ ဦးကျော်သိန်းထွဋ်မှ အသီးအနှံ များ လာရောက်လှူဒါန်းပြီး ဆင် စာဘူဖေးကျွေးမွေးလှူဒါန်းသည်။ ဝါးနက်အပန်းဖြေဆင်စခန်းအတွင်း ဆင်စာဘူဖေးကျွေးမွေးလိုပါက ဖုန်း ၀၉-၄၃၀၅၄၀၃၈၊ ဖုန်း ၀၉-၇၅၄၀၅၂၈၀၃ သို့ ဆက် သွယ်လှူဒါန်းနိုင်ကြောင်း သိရ သည်။

(အောက်ပုံ)(၀၄၅)



## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ (ယခင်)ပုသိမ်ကြီးမြို့နယ်၊ (ယခု)ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ်(ဟ-၁၂)၊ ဦးပိုင်အမှတ်(၁၅၄/ခ)၊ ဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးညို(ခ)အညို(ဘ)ဦးဘသိန်း(၉/မနတ(နိုင်)၀၈၂၄၄၉)အမည်ဖြင့် မြေနေရာချထားပေးသော ဂရန်မြေဖြစ်ပြီး၊ ဦးညို(ခ)အညိုထံမှ ဦးချမ်းမင်းလတ်(၉/မကန(နိုင်)၁၀၄၉၀၄)ကိုင်ဆောင်သူမှ (၂၉-၅-၂၀၁၄)ရက်တွင် ဂရန်မြေကွက်နှင့်တကွ ဂရန်စာရွက်စာတမ်းများကိုပါ အပြီးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူ၍ လက်ရောက်ရရှိနေထိုင်ပိုင်ဆိုင်နေကြောင်း သိရှိရပါသည်။ ဂရန်မြေကွက်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများအနက် မြေနေရာချထားပေးခြင်းအကြောင်းကြားစာ မြို့မြေခ ပေးဆောင်ကြောင်း ငွေသွင်းပြေစာ၊ ငွေရပြေစာတို့မှာ အထားအသိုမှားယွင်း၍ ပျောက်ဆုံးနေကြောင်း သိရှိရပါသည်။ တွေ့ရှိသူများအနေဖြင့် အဆိုပါပျောက်ဆုံးနေသော စာရွက်စာတမ်းများကို အသုံးပြု၍ ဦးချမ်းမင်းလတ်မသိရှိဘဲ ရောင်းချခြင်း၊ တစ်ဆင့်လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်းပြုလုပ်ခဲ့ပါက တာဝန်ယူမည်မဟုတ်ကြောင်းနှင့် ဦးချမ်းမင်းလတ်ထံသို့ အဆိုပါ စာရွက်စာတမ်းများ လာရောက်ပေးအပ်ရန် အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ–**
**ဦးချမ်းမင်းလတ်**
**(၉/မကန(နိုင်)၁၀၄၉၀၄)**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သွယ်မာဝင်း ဦးလွင်နိုင်စိုး**
**တရားလွှတ်တော်ရှေ့နေများ**
**(စဉ်–၉၀၉၇) (စဉ်–၁၇၆၇၄)**
**ခနဲကျေးရွာ၊ အမရပူရမြို့နယ်။**
**ဖုန်း ၀၉–၄၄၄၄၈၅၁၃၈၊ ၀၉–၂၆၅၆၁၁၈၈၅**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အကွက်(၄၉၀)နေ ဦးအောင်စိုးလင်း(၉/ပကခ(နိုင်)၀၀၀၂၅၂)နှင့် ဒေါ်ခင်မာထွေး(၉/မရတ(နိုင်)၁၁၆၈၀၇)တို့၏ သားဖြစ်သူ မောင်လင်းမြတ်သူ(၉/ခမစ(နိုင်)၀၇၅၅၆၄)သည် မိဘ၏ဆိုဆုံးမမှုကို နားမထောင်ဘဲ အမျိုးမျိုးစိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ မောင်လင်းမြတ်သူနှင့် ပတ်သက်သည့် ကိစ္စအဝဝမှန်သမျှကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဦးအောင်စိုးလင်း+ဒေါ်ခင်မာထွေး**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ယ-၂)၊ ဦးပိုင်အမှတ်(၁၂၈)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ တောင်ဘက်ခြမ်း (၃၀×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးအောင်ကိုဇော်(ဘ)ဦးစိန်ဝင်းမောင်(၉/ခအဇ(နိုင်)၀၁၄၆၈၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူများမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုရောင်းဝယ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်နိုင်လုံသောအထောက်အထားစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ညိုစင်ထွန်း(LL.B) ဒေါ်အိကြွယ်စင်ဗိုလ်(LL.M)**
**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ**
**လမ်း၇၀၊ လမ်း၃၀နှင့် ၃၁လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၇၉၆၂၉၉၁၄၉၊ ၀၉–၉၇၄၈၂၆၂၆၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန့်တုံးရပ်ကွက်၊ အကွက်အမှတ်(ဓ-၂၆)၊ ဦးပိုင်အမှတ်(၄၉)၊ ဧရိယာ(၄၀×၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်သည် ဦးဘသန်း(ဘ)ဦးထွေးမော်(၁၃/လရန(နိုင်)၀၀၆၉၃၆)အမည်ပေါက်ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်၏ အနောက်ဘက်ခြမ်း(၂၀×၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်တစ်ခြမ်းနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေ+မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မှန်မှန်ဆွေ(ဘ)ဦးရန်ချုချုန်(ခ)ကြင်ကြူ (၉/မမန(နိုင်)၀၀၅၆၆၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်တစ်ခြမ်း အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှ (၁၂)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဦးသန်းရွှေ (B.A(Hist), H.G.P)**
**အထက်တန်းရှေ့နေ**
**၅၇လမ်း၊ ၁၂၂လမ်းနှင့် ၁၂၃လမ်းကြား၊ သင်ပန်းကုန်းရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၅၁၄၀၄၇၈**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥဿျောင်ရပ်ကွက်၊ အကွက်အမှတ်(၅၀၅)နေ ဒေါ်သန္တာ(၉/ခမစ(နိုင်)၀၀၅၉၂၆)၏ သမီးဖြစ်သူ မဂျူးဂျူးဟန်(၉/ခမစ(နိုင်)၀၉၀၄၆၈)သည် မိခင်၏ ဆိုဆုံးမမှုအား မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်၍ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့်မည်သည့်ကိစ္စကိုမဆို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ–**
**ဒေါ်သန္တာ(ဘ)ဦးစိန်ညွန့်**
**(၉/ခမစ(နိုင်)၀၀၅၉၂၆)**
**အကွက်(၅၀၅)၊**
**ကျွန်းလုံးဥဿျောင်ရပ်ကွက်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်စင်ဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**အကွက်(၅၅၈)၊ ထီးဝင်းရပ်ကွက်၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၇၉၇၁၁၂၄၂၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၃-က)နေ ဒေါ်နှင်းဝင့်ဝင့်အောင်(ဘ)ဦးလှမြင့်အောင်(၁၃/လရန(နိုင်)၁၀၄၄၇၆)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**"ချမ်းသာအောင်"**
**မှတ်ပုံတင်စာချုပ်အမှတ်–(၃၁၉၂/၂၀၂၄)**

အထက်ဖော်ပြပါ "ချမ်းသာအောင်"အမည်အမှတ်တံဆိပ်ကို တစ်ဦးတည်းမူပိုင် အမည်အမှတ်တံဆိပ်အဖြစ် ဒေါ်နှင်းဝင့်ဝင့်အောင်မှ မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်( /၂၀၂၄)ဖြင့် တရားဝင် မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းအမျိုးမျိုးတို့အား ဖြန့်ဖြူးရောင်းချလျက်ရှိရာ ကောင်းသောဂုဏ်သတင်းများကြောင့် အများပြည်သူက စိတ်ချယုံကြည်စွာဖြင့် တစ်ခဲနက်အားပေးလျက်ရှိပါသည်။

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်နှင်းဝင့်ဝင့်အောင်မှ "ချမ်းသာအောင်"အမည် အမှတ်တံဆိပ်အား တရားဝင်မှတ်ပုံတင်သွင်း၍ ဆောက်လုပ်ရေးလုပ်ငန်းများ အောင်မြင်စွာရပ်တည်လျက်ရှိပါသည်။ ထို့ပြင်ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းအမျိုးမျိုးတို့ကို နိုင်ငံတော်တစ်ဝန်း လက်လီလက္ကားဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်တစ်စုံတစ်ရာ မရရှိဘဲ ဆောက်လုပ်ရေးလုပ်ငန်းများတွင် အမည်နာမတုပဆောင်ရွက်ခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းအမျိုးမျိုးတို့အပေါ်တွင် ထပ်တူဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား ထင်ယောင်ထင်မှား တုပသုံးစွဲခြင်း၊ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းများ မပြုလုပ်ကြရန်နှင့် မည်သူမဆို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နှင်းဝင့်ဝင့်အောင်၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲတရား ဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ–**
**ဒေါ်နှင်းဝင့်ဝင့်အောင်**
**(၁၃/လရန(နိုင်)၁၀၄၄၇၆)**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မြင့်သန်းဌေး(LL.B, D.B.L, PCT(Treaty), IP(Law))**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်စင်ဦး(LL.B) ဒေါ်စင်မာစိုး(LL.B)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၁၆၁)၊ ကန်ကောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊**
**မန္တလေးတိုင်းဒေသကြီး။ ဖုန်း ၀၉–၇၉၈၇၄၄၁၀၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ သုခမင်္ဂလာ(၄)ရပ်ကွက်၊ အကွက်အမှတ်(၄၉၈)၊ ဦးပိုင်အမှတ်(၁၀၁+၁၀၂)၊ ဧရိယာ အလျား ပေ(၆၀)၊ အနံ ပေ(၄၀)အကျယ်အဝန်းရှိ ဒေါ်လုံးခင်အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ ဦးပိုင်အမှတ်(၁၀၁)၊ ဧရိယာ အလျား ပေ(၃၀)၊ အနံ ပေ(၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့်တကွ ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်သော ဦးအောင်နိုင်(ဘ)ဦးကျင်ရင်(၉/ပသက(နိုင်)၀၀၅၁၄၈)ကိုင်ဆောင်သူနှင့် ဒေါ်ခင်မာ(ဘ)ဦးစိန်မောင်(၉/ပသက(နိုင်)၀၀၅၂၀၀)ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင်လွှဲပြောင်းဝယ်ယူရန်သဘောတူညီပါသဖြင့် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ–**
**ဦးစန်းဝင်း**
**(၉/မရမ(နိုင်)၀၃၁၇၉၂)**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မြင့်သန်းဌေး(LL.B, D.B.L, PCT(Treaty), IP(Law))**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်စင်ဦး(LL.B) ဒေါ်စင်မာစိုး(LL.B)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၁၆၁)၊ ကန်ကောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊**
**မန္တလေးတိုင်းဒေသကြီး။ ဖုန်း ၀၉–၇၉၈၇၄၄၁၀၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဓ-၅)၊ ဦးပိုင်အမှတ်(၁၀၉-ခ)နေ ဒေါ်မြတ်သီရိ(၉/ဝတန(နိုင်)၁၁၇၈၄၆) မှ ၎င်းပိုင်ဆိုင်သည်ဟု အဆိုပြုသော မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဓ-၅)၊ ဦးပိုင်အမှတ်(၁၀၉)ပေါ်တွင် ဆောက်လုပ်ထားသော RC(၄)ထပ်ခွဲအဆောက်အအုံ၏ ပထမထပ်(အနောက်လှည့်) (၁၈×၅၅)ပေ အကျယ်အဝန်းရှိ ရေ၊ မီး၊ အစုံပါတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်မြတ်သီရိထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သောငွေကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်လဲ့လဲ့လှိုင်**
**(တရားလွှတ်တော်ရှေ့နေ)**
**၇၄လမ်း၊ ၇လမ်းနှင့် ၈လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၄၄၄၀၄၃၀၀၅**

## ပျောက်ဆုံးကြောင်း

ဦးသန့်ဇော်ဝင်း(ဘ)ဦးဝင်းကို နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနမ(နိုင်)၀၉၉၃၉၈)၏ Passport No. မမှတ်မိသည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဦးသန့်ဇော်ဝင်း**
**ဖုန်း ၀၉–၂၀၆၀၆၈၆**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ သစ်ပင်သစ်တောစိုက်ပျိုးခြင်းများဖြင့် သဘာဝဘေးအန္တရာယ်ကို အထိုက်အလျောက်လျှော့ချနိုင်သဖြင့် ဒေသအသီးသီးရှိ ကျေးရွာအုပ်စုများအလိုက် သစ်တောစိုက်ခင်းများစိုက်ပျိုးပြီး နိုင်ငံတစ်ဝန်း၌ သစ်ပင်သစ်တောများ ဖြစ်ထွန်းအောင်မြင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ပြည်သူများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လို...

❖ သစ်တောပြုန်းတီးမှုများ မရှိစေရေးအတွက်လည်း အမျိုးသားရေးစိတ်ဓာတ်ဖြင့် ထိန်းသိမ်းဆောင်ရွက်သွားကြရန်လို

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## မန္တလေးမြို့တွင်အခြေချ၍ လူကုန်ကူးမှု ဂိုဏ်းဖွဲ့ကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁

အမှတ်(၁၁)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မန္တလေး) တပ်ဖွဲ့စုမှူး ရဲမှူးခင်မောင်သိန်း ဦးစီးတပ်ဖွဲ့ဝင်များက မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ် တာဝန်ကျတပ်ဖွဲ့ဝင်များနှင့်အတူ အောက်တိုဘာ ၂၄ ရက် နံနက် ၇ နာရီခွဲတွင် ပြည်ပထွက်ခွာမှုများအား ပူးပေါင်းစစ်ဆေးစဉ် ထိုင်းနိုင်ငံ Suvarnabhumi လေဆိပ်သို့ MAI လေကြောင်းလိုင်းဖြင့် ထွက်ခွာမည့် တရုတ်နိုင်ငံသား GAO FENGYING (ကောင်းဖိန်းရင်)နှင့် အမျိုးသမီးငယ်သုံးဦးတို့ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် တပ်ဖွဲ့စုရုံးသို့ ခေါ်ယူစစ်မေးခဲ့ရာ အဆိုပါ အမျိုးသမီးငယ်သုံးဦးမှာ လူမှုကွန်ရက် Facebook၊ TikTok အသုံးပြုဆက်သွယ်၍ တရုတ်နိုင်ငံသို့ တရုတ်မယားပြုလုပ်ရန် စည်းရုံးစုစည်းခေါ်ဆောင်ခံရသူများဖြစ်ကြောင်းနှင့် ၎င်းတို့ကဲ့သို့ တရုတ်မယားလုပ်ရန် စည်းရုံးခံထားရသူ အမျိုးသမီးငယ် ၁၁ ဦးကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ၆၄- ဒီ လမ်း၊ ၁၁၅ x ၁၁၆ လမ်းကြားရှိနေရာတွင် စုစည်းထိန်းချုပ်ထားကြောင်း သတင်းဖော်ထုတ်ရရှိခဲ့သည်။

ဆက်လက်၍ အမျိုးသမီးငယ်သုံးဦး၏ တယ်လီဖုန်းဆက်သွယ်မှုများကိုစိစစ်ခဲ့ရာ ၎င်းတို့ကဲ့သို့ တရုတ်မယားလုပ်ရန် စည်းရုံးခံထားရသူ အမျိုးသမီးငယ် ၁၁ ဦးကို ကယ်တင်နိုင်ခဲ့ပြီး ၎င်းတို့ကိုစစ်ဆေးချက်များအရ တရုတ်ယောကျ်ားနှင့် လက်ထပ်ရန်အတွက် ဂိုဏ်းဖွဲ့၍ စည်းရုံးဆောင်ရွက်ခဲ့သူ ဒေါ်နန်းဆိုင်ခမ်း(ခ)မားမားအား ဖမ်းဆီးရမိခဲ့ပြီး ၎င်းမှာ ယခင်က ရွှေလီမြို့ရှိ တရုတ်နိုင်ငံသားပိုင်ကုမ္ပဏီတွင် တရုတ်ယောကျ်ားယူရန် အမျိုးသမီးငယ်များအား ပို့ဆောင်ပေးခဲ့သော်လည်း ခွဲတမ်းနည်းသဖြင့် ၎င်းကိုယ်တိုင် တရုတ်မယားပြုလုပ်မည့် မိန်းကလေးများ ရှာဖွေရန် WeChat group မှ စာမျက်နှာ ၆ သို့ ○




## ကချင်ယူနိုက်တက်ကို နှစ်ကျော့စလုံး တူညီသောရလဒ်ဖြင့် အနိုင်ရခဲ့သည့် Chinland အသင်း

နိုဝင်ဘာ ၁ ရက် ညနေက ပဒုမ္မာကွင်း၌ ကစားခဲ့သည့် Chinland အသင်းနှင့် ကချင်ယူနိုက်တက်အသင်းတို့ပွဲတွင် Chinland အသင်းက ၁-၀ ဂိုးဖြင့် အနိုင်ရခဲ့သည်။

Chinland အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ဒက်ဒီဂျူနီယာက ပွဲချိန် ၉ မိနစ်တွင် ရရှိသည့် ပင်နယ်တီမှတစ်ဆင့် သွင်းပေးခဲ့ခြင်းဖြစ်သည်။

Chinland အသင်းသည် ပထမအကျော့တွင် ကချင်ယူနိုက်တက်အသင်းကို တစ်ဂိုးဂိုးမရှိဖြင့် နိုင်ထားပြီး ဒုတိယအကျော့တွင် ယင်းရလဒ်အတိုင်း ထပ်မံအနိုင်ရခဲ့ခြင်းဖြစ်သည်။

(NGB)

## နည်းပြ အာမိုရင်မ်အား နည်းပြသစ်အဖြစ် မန်ချက်စတာယူနိုက်တက်အသင်း ခန့်အပ်

**မန်ချက်စတာ နိုဝင်ဘာ ၁**

မန်ချက်စတာယူနိုက်တက်အသင်းသည် အသင်းနည်းပြသစ်အဖြစ် စပို့တင်းလစ္စဘွန်းအသင်းနည်းပြ အာမိုရင်မ်အား ၂၀၂၇ခုနှစ်+တစ်နှစ်သက်တမ်းထပ်မံတိုးခွင့်ရှိသည့် အချက်ဖြင့် စာချုပ်ချုပ်ဆိုကာ နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် စပို့တင်းလစ္စဘွန်းအသင်းအား ရလဒ်ကောင်းများ ရရှိအောင် စွမ်းဆောင်ထားနိုင်ခဲ့သည့်အပြင် လူငယ်နည်းပြတစ်ဦးလည်းဖြစ်ခြင်းကြောင့် မန်ချက်စတာယူနိုက်တက်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ အာမိုရင်မ်သည် မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ လာမည့် နိုဝင်ဘာ ၁၁ရက်နေ့မှသာ စတင်ပူးပေါင်းသွားမည်ဖြစ်သည်။




မန်ချက်စတာယူနိုက်တက်အသင်းထုတ်ပြန်ချက်တွင် "နည်းပြအာမိုရင်မ်အား နည်းပြသစ်အဖြစ် ခန့်အပ်လိုက်ပါပြီ။ သူ့အနေနဲ့လည်း အသင်းကို အောင်မြင်မှုတွေ ရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု ထုတ်ပြန်သည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ၉ပွဲကစားအပြီးတွင် ရမှတ် ၁၁ မှတ်ဖြင့် အဆင့်(၁၄)နေရာတွင် ရပ်တည်လျက်ရှိသည်။

နိုင်ကမ္ဘာ

ယနေ့ ဖတ်စရာအညွှန်း

အားလပ်ရက်၌ လေ့ကျင့်ခန်းပြုလုပ်ခြင်းကြောင့် မှတ်ဉာဏ်ချို့ယွင်းနိုင်ခြေကို လျှော့ချနိုင်မည်
စာမျက်နှာ ၇

အချိန်ရေစီးကြောင်းထဲမှာ ရွှေ့လျားတိုးတက်လာနေသော မန္တလေး(ဆောင်းပါး)
စာမျက်နှာ ၁၄